အတ္တသမ္မာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁ ရက်၊ တနင်္လာနေ့၊ အတွဲ(၉၁)၊ အမှတ်(၁၅၃)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းရှင်းလင်းဆောင်အနီး၌ ဆီအုန်းပင်ကို အမှတ်တရချိုးမြှင့်စိုက်ပျိုးပေးစဉ်။ (ယာပုံ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကော့သောင်းမြို့ ဒေသခံတပ်ရင်းဘုရင့်နောင်ခန်းမတွင် ကော့သောင်းတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အောက်ပုံ)

(သတင်းစဉ်)

ကော့သောင်းခရိုင်၌ စိုက်ပျိုးမြေတိုးချဲ့စိုက်ပျိုးပြီး ဒေသဆန်ဖူလုံအောင်ကြိုးပမ်းဆောင်ရွက် စိုက်ပျိုးမြေကိုအပြည့်အဝအသုံးချပြီးဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့်သီးနှံများစိုက်ပျိုးလုပ်၍အားထုတ်မှုပြုပြင်ပြောင်းလဲမှုများကိုအခြေခံ၍စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးအောင်လုပ်ကိုင် စီးပွားရေးတိုးတက်မှုအမြဲရှိနေမှသာအသွင်သဏ္ဌာန်သာမကအနှစ်သာရပါဖွံ့ဖြိုးနေမည်

ရန်ကုန်　ဖေဖော်ဝါရီ　၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဖေဖော်ဝါရီ၂၅ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက်၁၀နာရီတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိကြသည်။ ***ကျောဖုံးသို့***

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၁ ရက်)

ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရေး ပြည်သူ့လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းအားထုတ်

နိုင်ငံတစ်နိုင်ငံ၏ အရေးအရာကိစ္စများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းထားရန်လိုအပ်သကဲ့သို့ ယင်းအုပ်ချုပ်ရေး ယန္တရား မှန်ကန်သွက်လက်ထက်မြက်ရေးတွင် မြို့နယ်အဆင့်သည် အဓိက အကျဆုံးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်ကို စနစ်တကျ ဖွဲ့စည်းထူထောင်ထားပြီးဖြစ်သည့်အပြင် ဗဟိုမှသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်ဒေသများအထိ လုပ်ငန်းဆိုင်ရာကော်မတီ အဆင့်ဆင့်ကိုဖွဲ့စည်းပြီး နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အဝဝကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဗဟိုအဆင့်မှ တာဝန်ရှိသူများအနေဖြင့် အောက်ခြေ ဒေသများအထိ သွားရောက်ပြီး လုပ်ငန်းများ မနေမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူပင် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်မှ တာဝန်ခံများအနေဖြင့် ကျေးလက်ဒေသများအထိ ဆင်းပြီး မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုးပမ်းလုပ်ကိုင်ကြပါမှ နိုင်ငံတော်က ချမှတ်ပေးသည့် လုပ်ငန်းရည်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာမည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖေဖော်ဝါရီလ ၂၈ရက် နံနက်ပိုင်းက ကဝ မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် ကဝ-အင်းတကော်လမ်းပေါ်ရှိ စစ်တောင်းမြစ်ကူး ဘေလီတံတားတည်ဆောက်ခြင်း၊ ကဝမြို့နယ်အတွင်း အခြေခံပညာအထက်တန်းအဆင့် ကျောင်းနှစ်ကျောင်းတိုးမြှင့်ပေးခြင်း၊ မြို့နယ်ဆေးရုံကို (၁၆)ခုတင်မှ (၂၅)ခုတင်အဆင့် တိုးမြှင့်ပေးခြင်း၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနတိုးချဲ့ ဖွင့်လှစ်ပေးခြင်းများကို စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကဝမြို့အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအားပေးအပ်ပြီး မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်နိုင်ရန် စီစဉ် ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်-

"ယခုအခါတွင် အချို့သော ခရိုင်အဆင့်၊ မြို့နယ်အဆင့်များတွင်လုပ်ငန်းများ အကောင်အထည်ဖော်မှု အားနည်းနေသဖြင့် ခါးဆက်ပြတ်နေသကဲ့သို့ ဖြစ်နေကြောင်း၊ ယနေ့ခေတ်ကာလတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် တာဝန်ကျေပွန်ရုံ၊ သတ်မှတ်ရုံးချိန်အတွင်း ရုံးလုပ်ငန်းများဆောင်ရွက်ရုံမျှဖြင့် နိုင်ငံတော်၏ မြင့်မားသော ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်မှာ မဟုတ်ကြောင်း"

ပြောကြားသွားသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် တိုင်းတစ်ပါး ပေးကမ်းထောက်ပံ့မှုကို မမျှော်ကိုးဘဲ မိမိတို့၏ ကိုယ်ပိုင် ခနအင်အား၊ တိုင်းရင်းသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတတ်ပညာစွမ်းအားနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းပကားကိုသာ အားပြုပြီး မိမိနိုင်ငံ မိမိတည်ဆောက်လျက်ရှိသည်။

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပွန်ရုံ ဆောင်ရွက်သည့် ဗျူရိုကရေစီ လုပ်နည်းလုပ်ဟန်မျိုးကိုရှောင်ရှားပြီး မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များအပြင် မိမိတို့ တာဝန်ကျရာဒေသ၏ တိုးတက်ရာ တိုးတက်ကြောင်းနှင့် ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး နည်းလမ်းများ ရှာကြံကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်။

သို့ဖြစ်ရာ မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးအတွက် ပြည်သူများနှင့် ထိတွေ့ပြီး ပြည်သူများ၏ လိုအပ်ချက်ကို သိမြင်ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမက (၆) ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ သူငယ်တန်းပထမဆုရ မောင်မင်းသီဟအား ကျောင်းအုပ်ဆရာကြီးဦးဝင်းရှိန်က ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏဘက်စုံ စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနကကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်း မူလတန်းကြို ကျောင်းပေါင်းစုံ ကာယ၊ ဉာဏဘက်စုံ စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အလုံမြို့နယ် အမှတ်(၄)မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာယ၊ ဉာဏ ကျောင်းတွင်းလုပ်ငန်းစွမ်းရည် တံခွန်စိုက်ဒိုင်း ပထမဆုရရှိသော မူလတန်းကြိုကျောင်းအမှတ်(၁)၊ ဒုတိယဆုရရှိသော မူလတန်းကြိုကျောင်းအမှတ်(၅)၊ တတိယဆုရရှိသော မူလတန်းကြိုကျောင်း အမှတ်(၄)ကျောင်းများကို လည်းကောင်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆုရ ပထမ၊ ဒုတိယ၊ တတိယကျောင်းများကိုလည်းကောင်း ဝန်ကြီးက ဆုများကို အသီးသီး ချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ ကျောင်းတွင်းလုပ်ငန်းစွမ်းရည် တံခွန်စိုက်ဆုရကျောင်းများကိုလည်းကောင်း၊ ကျောင်းတွင်း၊ ကျောင်းပြင် စိမ်းလန်းစိုပြည်သာယာမှု ပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းများကို လည်းကောင်း ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်က ဆုများ အသီးသီး ချီးမြှင့်သည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ MO , ASIA Co. Ltd. Dumex ကငွေကျပ် လေးသိန်းကျော် တန်ဖိုးရှိ နို့မှုန့်များကိုလည်းကောင်း၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်မှ ငွေကျပ်ခြောက်သောင်းတန်ဖိုးရှိ ရေသန့်ဘူးနှင့် အချိုရည်ဘူးများကို လည်းကောင်း၊ ရွှေသံလွင်၊ စေတမန်၊ Naing Group၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ ဦးသိန်းဟန်(Tokyo Pipe)၊ ဦးတင်မောင်ဝင်း-ဒေါ်ရူပါ၊ ဦးမြစိုး-ဒေါ်တင်တင်မြင့် (တို့ရွှေပြည်ဆောက်လုပ်ရေး)၊ ဦးစိုးညီညီ(Feel)စားသောက်ဆိုင်တို့မှ စုပေါင်းလှူဒါန်းငွေကျပ်တစ်ဆယ့်တစ်သိန်းခြောက်သောင်းတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်တာဝန်ရှိသူများက လက်ခံရယူသည်။ **(သတင်းစဉ်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှစ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့၏ ၂၀၀၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲက နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမတွင် ကျင်းပရာ အစည်းအဝေးကို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဘိုးဘွားရိပ်သာဝန်ထမ်းများက ၃၈ဖြာမင်္ဂလာဖြင့် ဂါရဝပြုကြိုဆိုသည်။ ထို့နောက် သဘာပတိ နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင် (ငြိမ်း) က အမှာစကား ပြောကြားသည်။

ဆက်လက်၍ နှစ်ပတ်လည် အစီရင်ခံစာကို အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)က ဖတ်ကြားတင်သွင်းပြီး ငွေစာရင်းရှင်းတမ်းကို အုပ်ချုပ်ရေးအဖွဲ့ စာရင်းစစ် ဦးဝင်းသင်က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် လက်ရှိ အုပ်ချုပ်ရေးအဖွဲ့ဝင်များ နုတ်ထွက်ပြီး ၂၀၀၄ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ လေးနှစ်တာ ဆောင်ရွက်မည့် အုပ်ချုပ်ရေးအဖွဲ့ အမည်စာရင်းကို တင်သွင်း အတည်ပြုချက်ရယူကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၉ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံး၏ စီစဉ်မှုဖြင့် အမက(၁၁)တို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်နှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ဒေါပုံမြို့နယ် အောင်ချမ်းသာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

လမ်းညွှန်မှာကြား

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ကော့သောင်းခရိုင်၏ အကျယ်အဝန်း၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော့သောင်းမြို့ မဥ္ဇူသကခန်းမတွင် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

အချိန်တိုအတွင်းတိုးတက်

ကော့သောင်းကဲ့သို့ပင် နယ်စပ်ဒေသမြို့များဖြစ်သည့် တာချီလိတ်၊ မူဆယ်၊ မြဝတီ စသည့်မြို့များသည်လည်း အချိန်တိုကာလအတွင်း သိသာစွာပြောင်းလဲတိုးတက်လာခဲ့ကြောင်း။

လူတို့၏အမြဲတမ်း တီထွင်ကြံဆ အားထုတ်မှုများကြောင့် လူ့အဖွဲ့အစည်းသည် ရှေ့သို့အစဉ်အမြဲ တိုးတက်မှုရှိနေရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ကော့သောင်းခရိုင်သည်လည်း ဆက်လက် ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးပမ်းအားထုတ်နေရန်လိုကြောင်း။

ပူးပေါင်းတာဝန်ယူ

ဤနေရာ၌ နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုဖြင့် နိုင်ငံတော်၏ကိုယ်စား သက်ဆိုင်ရာဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း

✻ *ကျောဖုံးမှ*

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ပြည်တော်အေးသာသနာ့ဗိမာန်သို့ သွားရောက်ကြပြီး ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ အောင်ချမ်းသာကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိက ရေစက်ချတရားတော် ချီးမြှင့်ရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆရာတော်ကြီးများအား ကျန်းမာရေးနှင့်သာသနာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ တနင်္သာရီတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ ဖွဲ့စည်းတည်ရှိမှု၊ ခရိုင်အတွင်းအခွန်အရပ်ရပ်ကောက်ခံရရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု၊ မြေယာအသုံးချနိုင်မှု၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် အထွက်နှုန်း၊ ဒေသဝမ်းစာဖူလုံမှု၊ လုပ်မြေ၊ မြေရိုင်းနှင့် တာပတ်မြေဖော်ထုတ်နိုင်မှု၊ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးပြီးစီးမှု၊ ငါးဖမ်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးရေးဖော်ချဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် မိမိအနေဖြင့် ကော့သောင်းမြို့သို့ ၁၉၆၂ခုနှစ်ခန့်တွင် ပထမအကြိမ်စတင်ရောက်ရှိခဲ့ဖူးကြောင်း၊ ထိုစဉ်က ကော့သောင်းမြို့သည် အိမ်ခြေသုံးလေးရာခန့်သာရှိကြောင်း၊ မိမိတို့လက်ထက်တွင် မဖွံ့ဖြိုး မတိုးတက်သေးသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် မူဝါဒချမှတ်ပြီး နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ချဆောင်ရွက်ခဲ့ရာ ကော့သောင်းဒေသသည် ခရိုင်အဆင့်သို့ ပြောင်းလဲတိုးတက်ခဲ့ပြီဖြစ်ကြောင်း။

ခရိုင်မြို့ကြီးနှင့်လျော်ညီသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများကို ဖြည့်ဆည်းထူထောင်အားပေးခဲ့ရာ ကော့သောင်းမြို့သည် မြို့ကြီးပြကြီးကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာခဲ့ပြီဖြစ်ကြောင်း။

များအနေဖြင့် ထိထိရောက်ရောက် အလုပ်လုပ်ကြပြီး ဒေသခံပြည်သူများကလည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း တာဝန်ယူဆောင်ရွက်သွားကြရန်လိုကြောင်း။

နယ်မြေဒေသဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ အခြေခံအားဖြင့် စားဝတ်နေရေးအတွက် အခြားဒေသများကို မှီခိုအားထားမနေရဘဲ ဒေသတွင်း ဖူလုံမှုရှိရန်နှင့် စီးပွားရေးဖွံ့ဖြိုးနေရန် လိုအပ်ကြောင်း။

ကော့သောင်းခရိုင်တွင် ရေမြေသယံဇာတများရှိပါလျက် ယခုထက်တိုင် ဒေသဆန်ဖူလုံမှု မရှိသေးသည်ကို တွေ့ရှိနေရကြောင်း။

ဒေသဆန်ဖူလုံရေး

သဲကန္တာရများကိုပင် ပြုပြင်ပြောင်းလဲ၍ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့်ခေတ်ဖြစ်ရာ ကော့သောင်းခရိုင်၌ စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ အထွက်ကောင်းမျိုးများ ပြောင်းလဲ၍ စိုက်ပျိုးခြင်းဖြင့် ဒေသဆန်ဖူလုံအောင် ကြိုးပမ်းဆောင်ရွက်သွားသင့်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

နယ်စပ်ဒေသ ကော့သောင်းမြို့လေဆိပ်အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

1-3 (3).p65 1 3/26/05, 6:01 PM

ဖေဖော်ဝါရီ ၂၈ ရက်က ဘဂ္ဂဒက်မြို့ရှိ အီရတ်အုပ်ချုပ်ရေးကောင်စီရုံး အပြင်ဘက်၌ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ ပရမ်းပတာပစ်ခတ်၍ အီရတ်နှစ်ဦးသေဆုံး တီကရစ်နှင့်ခါလစ်၌ တိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင် ခြောက်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၉

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ စစ်ယာဉ်တန်းတိုက်ခိုက်ခံရချိန်တွင် အီရတ်အရပ်သားများကို ဖေဖော်ဝါရီ ၂၇ရက်က ပရမ်းပတာပစ်ခတ်ခဲ့ကြောင်း၊ သေဆုံးသူနှစ်ဦးရှိသည့်ပြင် ဒဏ်ရာရသူသုံးဦးရှိကြောင်း အယ်လ်ဂျာဇီရာ သတင်းထောက်က သတင်းပေးခဲ့သည်။

ထို့ပြင် အခြားတစ်နေရာဖြစ်သော တီကရစ်၌ သောကြာနေ့နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာအနည်းငယ်ရခဲ့သည်။ ဘဂ္ဂဒက်အနောက် မြောက်ဘက်၄၅ ကီလိုမီတာအကွာရှိ ခါလစ်၌လည်းအမေရိကန် ယာဉ်တန်း အတိုက်ခံရသဖြင့် အခြားတပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာပြင်းစွာရရှိခဲ့သည်။ တစ်ဖန် တီကရစ်တောင်ဘက်၌ ကြာသပတေးနေ့ညက အမေရိကန် စစ်ယာဉ်တစ်စီးကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။

အီရတ်အုပ်ချုပ်ရေးကောင်စီအတွင်း အီရတ်နိုင်ငံ၏ ကြားဖြတ် အစိုးရအတွက် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှုအပေါ် မတိုးမဆုတ်သာဖြစ်နေချိန်တွင် ထိုသို့တိုက်ခိုက်မှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။

(အင်တာနက်)

ဖေဖော်ဝါရီ ၂၈ ရက်က ဆာမာရာမြို့တွင် ရေနံပိုက်လိုင်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားနေသဖြင့် မီးငြိမ်းသတ်ရန် ကြိုးစားနေသော အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ အမေရိကန်တပ်များအမြန်ဆုံးထွက်ခွာရန် အီရတ်လူမျိုးထောင်ပေါင်းများစွာ ဖော်လူဂျာ၌ဆန္ဒပြ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၉

အီရတ်နိုင်ငံ၏ အနာဂတ်နိုင်ငံရေးအခြေအနေသည် ရှုပ်ထွေးလာလျက်ရှိရာ အီရတ်နိုင်ငံမှ တာဝန်ရှိသူများက ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ရေးဆွဲပြီး အီရတ်ပြည်သူလူထုထံတင်ပြရမည့် သတ်မှတ်ရက်ရောက်ရှိလာချိန်နီးကပ်လာပြီဖြစ်သည်။

ဆန္ဒပြ

အမေရိကန်တပ်ဖွဲ့ဝင်များကို အများဆုံးခုခံတိုက်ခိုက်သော ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ ဖော်လူဂျာမြို့တွင် နေထိုင်သည့် အီရတ်လူမျိုးထောင်ပေါင်းများစွာသည် စုဝေးကာ အမေရိကန်တပ်ဖွဲ့ဝင်များ နိုင်ငံအတွင်းမှ အမြန်ဆုံးထွက်ခွာသွားကြရန် သတိပေးလိုက်ပြီး ခေါင်းဆောင်သစ်ရွေးချယ်ရေးနှင့်အမေရိကန်တို့ကို တိုက်ထုတ်ရာ၌ ပူးပေါင်းဆောင်ရွက်ကြရန် ကြွေးကြော်ချီတက် ဆန္ဒပြခဲ့ကြသည်။

အလိုမရှိ

ထိုအတောအတွင်း အီရတ်အုပ်ချုပ်မှုကောင်စီဝင်များသည် အခြေခံဥပဒေရေးဆွဲသည့် ကိစ္စနှင့်ပတ်သက်ပြီး သဘောတူညီမှုရယူရန် ကြိုးပမ်းနေကြသော်လည်း အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသည်။ အီရန်၌ အုပ်ချုပ်နေသော အစိုးရမျိုး အီရတ်တို့ အလိုမရှိကြောင်း၊ အီရတ်၌ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ရှိကြောင်း ဩဇာတိက္ကမကြီးမားသည့် ခေါင်းဆောင်တစ်ဦးက ပြောကြားလိုက်သည်။ **(စီအင်န်အင်န်)**

အီရတ်ပြန်လည်ထူထောင်ရေး အလှူရှင်များအစည်းအဝေး ကျင်းပမည်

အဘူဒါဘီ ဖေဖော်ဝါရီ ၂၉

အီရတ်နိုင်ငံ၏စီးပွားရေးအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆွေးနွေးမည့်အလှူရှင်များညီလာခံကို ယခုသီတင်းပတ်ကုန်၌ အာရပ်စော်ဘွားများနိုင်ငံ အဘူ ဒါဘီမြို့တွင် ကျင်းပမည်ဖြစ်သည်။

ယင်းအစည်းအဝေး၌ ကမ္ဘာ့ဘဏ်အပါအဝင် အခြားအဓိကအလှူရှင်များသည် အီရတ်ကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတကာမှ ထည့်ဝင်သော ရန်ပုံငွေထူထောင်ရေး ကိစ္စရပ်အပါအဝင် အလှူငွေ ထည့်ဝင်ရန် ကတိပြု ထားသော နိုင်ငံများကလည်း မိမိတို့ကတိပြုထားသည့် အလှူငွေကို စောလျင်စွာ ပေးအပ်ရေးနှင့် အီရတ်၌ ဦးစားပေးထူထောင်ရမည့်လုပ်ငန်းများ ကုန်ကျစရိတ်ကိစ္စရပ်များကိုထိုအစည်းအဝေး၌ အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး အီရတ်အုပ်ချုပ်ရေးကောင်စီအတွင်း သဘောထားကွဲဆဲ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၉

ဇွန် ၃၀ရက်၌ အီရတ်တို့ကို အမေရိကန်တို့က အချုပ်အခြာအာဏာလွှဲပြောင်းပေးမည့်အစီအစဉ်မတိုင်မီ အရေးကြီးသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည့် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုရေးနောက်ဆုံးအချိန်ရောက်ရန် နာရီပိုင်းအလို စနေနေ့က အီရတ်အုပ်ချုပ်ရေးကောင်စီအတွင်း အကြီးအကျယ် သဘောထားကွဲခဲ့ကြသည်။

အမေရိကန်တို့ရေးဆွဲသော အချိန်ဇယားအရ ကြားဖြတ်အခြေခံ ဥပဒေသည် စနေနေ့ ကုန်ဆုံးချိန်၌ သဘောတူရမည်ဖြစ်သော်လည်း ကောင်စီဝင်များသည် လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ ရှုပ်ထွေးငြင်းခုံနေကြဆဲဖြစ်သည်။ ထိုသို့ အငြင်းအခုံ ဖြစ်နေကြဆဲရှိသဖြင့် ဆွေးနွေးပွဲများသည်နောက်ဆုံးအချိန်ကိုလွန်သွားနိုင်ကြောင်း ကောင်စီဝင်တစ်ဦးက သတိပေးပြောဆိုသည်။ ကောင်စီဝင်တစ်ဦးဖြစ်သော မာမွဒ်အော့သ်မန်ဆိုသူက ဖြေရှင်းစရာပြဿနာအများအပြား ကျန်ရှိနေကြောင်းနှင့် အချေအတင်ဆွေးနွေးပွဲ တင်းမာခဲ့ကြောင်း ပြောဆိုသည်။

အုပ်ချုပ်ရေးကောင်စီသည် စနေနေ့ နှောင်းပိုင်း၌ တိုးတက်မှုရှိသော အစီရင်ခံစာတစ်ရပ်ကိုပေးရန် ဆုံးဖြတ်ဖွယ်ရှိကြောင်း ၎င်းက ပြောဆိုသော်လည်း မည်သည့်အချိန်၌ စေ့စပ်ဆွေးနွေးမှုများ အဆုံးသတ်မည်ကို ပြောဆိုခြင်းမရှိချေ။

(အမ်အင်အေ၊ရိုက်တာ)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်သင်္ဘောမီးလောင်

မနီလာ ဖေဖော်ဝါရီ ၂၈

သောကြာနေ့အစောပိုင်း၌မနီလာပင်လယ်အော်ဝတွင် မီးလောင်ခဲ့သော ကူးတို့သင်္ဘောမှ ခရီးသည် ၂၇၅ဦးခန့်ကို ကယ်တင်ရရှိသော်လည်း ခရီးသည် ၆၀၂ဦးမှာ ကူးတို့သင်္ဘောပေါ်၌ပင် ရှိနေကြဆဲဖြစ်ကြောင်း၊ကယ်ဆယ်ရေးသင်္ဘောများ ကယ်ဆယ်ရေးအတွက် အလျင်အမြန်သွားရောက်နေကြကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

မီးလောင်မှုကြောင့် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရကြောင်း ရေဒီယိုက သတင်းထုတ်လွှင့်သည်။

မီးမှာမီးဖိုခန်းမှစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မနီလာမြို့မှ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဘာကိုလော့ဒ်သို့အသွားတွင် လောင်ကျွမ်းခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၏ ရှေးဟောင်းသမိုင်းဝင် အထောက်အထားများ စစ်ပွဲအတွင်း ပျက်စီးပျောက်ဆုံးခဲ့ရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၉

အီရတ်နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ် သမိုင်းဝင်အထောက်အထားများသည် အီရတ်စစ်ပွဲအတွင်းပျက်စီးမှုများ၊ လုယက်ခံရမှုများကြောင့် ပျောက်ဆုံးခဲ့ကြရသည်။

ပျက်စီးခဲ့

အီရတ်နိုင်ငံ ထူထောင်စဉ်က အုပ်စိုးခဲ့သော တော်ဝင်မိသားစုများ၏ မှတ်တမ်းတင်ဓာတ်ပုံများနှင့် အသုံးအဆောင်များ သိမ်းဆည်းထားရာ အီရတ်နန်းတော်ပြတိုက် အဆောက်အအုံသည် စစ်ပွဲအတွင်းက အမေရိကန်တို့ ဗုံးဒဏ်ခံခဲ့ရပြီး ပြိုလဲပျက်စီးခဲ့ရသည်။

စုဆောင်းနေ

အဆိုပါ ပြတိုက်အတွင်းရှိ အခန်းတစ်ခန်းမှရရှိသော တော်ဝင်မိသားစုများ၏ ဓာတ်ပုံတစ်ထောင်ကျော်အား မကြာမီက အီရတ်ပြတိုက်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် သမိုင်းဝင်အထောက်အထားများကို ပြန်လည်သိမ်းဆည်းစုဆောင်းနေကြကြောင်း သိရသည်။ **(စီအင်န်အင်န်)**

စင်ကာပူ၌ လေကြောင်းပြပွဲကျင်းပ ခေတ်မီလေယာဉ်အမျိုးမျိုး ပျံသန်းပြသ

စင်ကာပူ ဖေဖော်ဝါရီ ၂၈

စင်ကာပူနိုင်ငံ၌ လေကြောင်းပြပွဲကို ယခုသီတင်းပတ်အတွင်းကျင်းပပြသခဲ့သည်။ အဆိုပါပြပွဲတွင် ခေတ်မီလေယာဉ်အမျိုးမျိုး ပျံသန်းပြသခြင်းအပြင် နောက်ဆုံးပေါ် လေယာဉ်နည်းပညာများ၊ လေကြောင်းပျံသန်းမှု၏ ဖွံ့ဖြိုးတိုးတက်မှုများကိုပါ ထည့်သွင်းပြသခဲ့သည်။

များပြားလာ

လေကြောင်းဆိုင်ရာပညာများ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ရွေးချယ်စရာအခွင့်အလမ်းများလည်း များပြားလာသည်။ လေယာဉ်အမျိုးအစားပေါင်းများစွာလည်းဆက်လက်ပေါ်ထွက်လျက်ရှိရာစစ်ဘက်ဆိုင်ရာထောက်လှမ်းရေးနှင့် ကင်းလှည့်ရာ၌ အသုံးပြုရန်အတွက် လူလိုက်ပါခြင်းမရှိသောလေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များပါ ထည့်သွင်းလာကြပြီဖြစ်သည်။

ရောက်ရှိမည်

တစ်နေ့နေ့ တစ်ချိန်ချိန်၌ လေယာဉ်အားလုံး အလိုအလျောက်ပျံသန်းနိုင်မည့် ခေတ်ကိုရောက်ရှိဦးမည်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်စစ်ပွဲ အကြိုကာလ၌ ကိုဖီအာနန်အား လျှို့ဝှက်ထောက်လှမ်း

ဝန်ကြီးချုပ်ဘလဲ ဖိအားပေးမှု အကျပ်အတည်းနှင့်ရင်ဆိုင်ရ

အီရတ်တို့ထံ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရန်

အီရတ်ပြည်သူ အများအပြား ဆန္ဒပြတောင်းဆို

ဖေဖော်ဝါရီ ၂၆ ရက်က လန်ဒန်မြို့ ဒေါင်းနင်းလမ်းအမှတ် ၁၀ ၌ အီရတ်စစ်ပွဲ အကြိုကာလတွင် ဗြိတိသျှထောက် လှမ်းရေး သူလျှိုက ကုလ သမဂ္ဂ အတွင်း ရေး မှူး ချုပ် ကိုဖီအာနန်အား လျှို့ဝှက်ထောက် လှမ်း ခဲ့သည်ဟု ထုတ်ဖော် ပြောကြား ခဲ့သည့် ဗြိတိသျှဝန်ကြီး ဟောင်း ကလဲရှော့တ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဖိအားပေးခံနေရ

ဖေဖော်ဝါရီ ၂၆ ရက်က ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ စကော့တလန်သို့ သွားရောက်လည်ပတ်စဉ်အတွင်း ဝန်ကြီးဟောင်း ကလဲရှော့တ်က အီရတ်စစ်ပွဲ မတိုင်မီကာလတွင် ဗြိတိန်နိုင်ငံက ကိုဖီအာနန်အား လျှို့ဝှက်ထောက်လှမ်းခဲ့သည်ကို ထုတ်ဖော်ပြောကြားလိုက်၍ ဖိအားပေးမှု အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ဘလဲ၏ ရုပ်သွင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စုရုံးရောက်ရှိ

ဖေဖော်ဝါရီ ၂၈ ရက်က ဘဂ္ဂဒက်မြောက်ဘက် ခါဒီမီယာမြို့၌ ရာပေါင်းများစွာသော အီရတ်ပြည်သူများ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြရန် စုရုံးရောက်ရှိလာသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ဆန့်ကျင်ရေးစာတန်းများ

ဖေဖော်ဝါရီ ၂၈ ရက်က တီကရစ်မြို့၌ အမေရိကန်နှင့် အပေါင်းပါများအား ဆန့်ကျင်သည့် စာတန်းများ နံရံတွင်ရေးသားထားသည်ကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ဆေးဖျန်း၍ ဖျက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆန္ဒပြ

ဖေဖော်ဝါရီ ၂၇ရက်က ကာဘာလာမြို့၌ အီရတ်ပြည်သူများထံ အချုပ်အခြာအာဏာ အမြန်ဆုံး လွှဲပြောင်းပေးရေး ဆန္ဒပြ တောင်းဆို နေ သော အီရတ် ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမြဲတမ်းတီထွင်ကြံဆအားထုတ်မှုများကြောင့် လူ့အဖွဲ့အစည်းသည် ရှေ့သို့အစဉ်အမြဲတိုးတက်နေရမည် သဲကန္တာရများကိုပင် ပြုပြင်စိုက်ပျိုးနိုင်သည့်ခေတ်ဖြစ်ရာ အထွက်ကောင်းမျိုးများပြောင်းလဲစိုက်ပျိုး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ရည်ရွယ်ချက်များရှင်းလင်း

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေါင်းဆောင်သည့်အဖွဲ့ တနင်္သာရီတိုင်းသို့လာရောက်သည့် ရည်ရွယ်ချက်များနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ပဏာမရှင်းလင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကော့သောင်းမြို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

မီးဖိုချောင်သုံး သီးနှံများကိုလည်း ဖြစ်နိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားသင့်ကြောင်း၊ မိမိတို့၌ရှိသော စိုက်ပျိုးမြေကို အပြည့်အဝအသုံးချပြီး ဒေသရေမြေ ရာသီဥတုအခြေအနေနှင့် ကိုက်ညီသည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်သွားကြရမှာဖြစ်ကြောင်း။

အစဉ်အလာဟောင်းကျော်လွှား

သို့မှသာ ဒေသတွင်းဖူလုံမှုရရှိပြီး အခြားဒေသများအပေါ် မှီခိုအားထားနေရသည့် အစဉ်အလာဟောင်းကို ကျော်လွှားလွန်မြောက်နိုင်မှာဖြစ်ကြောင်း။

အလားတူ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း လူ၏အားထုတ်မှု၊ ပြုပြင်ဖန်တီးဆောင်ရွက်မှုများကို အခြေခံ၍ ဒေသ၏ စီးပွားရေးလုပ်ငန်းများဖြစ်သော ငါး၊ ပုစွန်လုပ်ငန်း၊ ဆီအုန်း၊ ရော်ဘာအပါအဝင် နှစ်ရှည်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် ထိထိရောက်ရောက် လုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

ကြိုးစားတည်ဆောက်

နယ်မြေဒေသတစ်ခု၌ ဒေသတွင်း ဖူလုံမှုရှိပြီး စီးပွားရေးတိုးတက်မှုအမြဲရှိနေမှသာ ယင်းဒေသသည် အသွင်သဏ္ဌာန်အရသာမက အနှစ်သာရအရပါ ဖွံ့ဖြိုးတိုးတက်နေမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတိုင်း ယင်းအချက်နှစ်ချက်ပြည့်စုံအောင် ကြိုးစားတည်ဆောက်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ကြိုးစားတည်ဆောက်ရာ၌ တာဝန်ရှိသူအဆင့်ဆင့်သည် မိမိတို့ တာဝန်ယူရသည့် နယ်မြေဒေသအလိုက် စီးပွားရေးတိုးတက်မှုရှိမရှိ၊ ရပ်ရွာဒေသ အေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံမှုရှိမရှိ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးအခြေအနေများ တိုးတက်မှုရှိ မရှိ အချိန်မှန် စိစစ် လေ့လာသုံးသပ်၍ တင်းပြည့်ကျပ်ပြည့် တိုးတက်ဖွံ့ဖြိုးသည့် နယ်မြေများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ထို့ပြင်ဒေသအလိုက် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း အလေးထားပျိုးထောင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ကော့သောင်းမြို့ ဆီအုန်းစိုက်ခင်းကို တစ်မျှော်တစ်ခေါ် တွေ့ရစဉ်။ (မြန်မာ့အလင်း)

လှည့်လည်ကြည့်ရှု

ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ဖွံ့ဖြိုးစည်ပင်လာမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဘုရင့်နောင်ကုန်းမြေသို့ သွားရောက်ပြီး ဘုရင့်နောင်ကုန်းမြေနှင့် ဘုရင့်နောင်မင်းတရားကြီးရုပ်တုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ပြည်တော်အေးစေတီတော်သို့ သွားရောက်ကြပြီး ရှေးဦးစွာ ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁



လှူဖွယ်ပစ္စည်းများဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စက်မှုဇုန်အား ခေတ်ကျော်လွှား

ဆက်လက်၍ မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ရတနာအုတ်များကို ပြိုင်တူ စီထားပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မော်ကွန်းကမ္ပည်းစာကို ဖုံးအုပ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။

ရွှေမိုးငွေမိုးရွာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်သို့ သွားရောက်ကြပြီး ဆီအုန်းများပျိုးထောင်ထားမှု၊ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဓာတ်မြေဩဇာများ၊ ဆေးဖျန်းကိရိယာများနှင့် ဆီသီးခိုင်များကိုလည်းကောင်း၊ ရှင်းလင်းဆောင်မှတစ်ဆင့် ဆီအုန်းဆီကြိတ်စက်ရုံ တည်ဆောက်မည့်နေရာအနေအထားကိုလည်းကောင်း ကြည့်ရှုကြသည်။

လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

ထို့နောက် ရှင်းလင်းဆောင်ခန်းမ၌ ခမောက်ကြီးမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၆ မှ

ဆက်လက်၍ ပြည်တော်အေးစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးမှု

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့မှ ခမောက်ကြီးမြို့သို့ သွားရောက်ကြပြီး ကော့သောင်း-ခမောက်ကြီးကားလမ်း အခြေအနေ၊ ကားလမ်းဝဲယာ၌ ဆီအုန်းနှင့်ရော်ဘာများ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီခွဲတွင် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ခမောက်ကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်းနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ခမောက်ကြီးတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး

တွေ့ဆုံမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမတွင် ကော့သောင်းတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရတနာအုတ်မြစ်စီ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းဆီကြိတ်စက်ရုံ တည်ဆောက်မည့်နေရာသို့ ရောက်ရှိကြပြီး တစ်နာရီ တန် ၃၀ ဆီအုန်း ဆီကြိတ်စက်ရုံ တည်ဆောက်ရေး ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ထို့နောက် မင်္ဂလာအခမ်းအနားအစီအစဉ်ကို ကျင်းပရာ မင်္ဂလာအခါပေး ဦးကျော်က မော်ကွန်းကမ္ပည်းစာကို ဖတ်ကြားသည်။

ငွေကြုတ်မြှုပ်နှံ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် သတ်မှတ်ထားသည့်နေရာ၌ မင်္ဂလာရွှေပြားကို ချပေးပြီး နဝရတ်ကိုးပါးငွေကြုတ်ကို မြှုပ်နှံပေးသည်။

ထိုသို့တွေ့ဆုံရာတွင် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးဌေးမြင့်က တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းအရ မိမိတို့ကုမ္ပဏီအနေဖြင့် ၁၉၉၉ခုနှစ်မှ စတင်၍ ဆီအုန်းစိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧကလေးသောင်းကျော်စိုက်ပျိုးပြီး ဖြစ်ပါကြောင်း၊ ၂၀၀၇ခုနှစ်တွင် ဆီအုန်းဧကတစ်သိန်း စိုက်ပျိုးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး စီမံကိန်းတွင် အသုံးပြုလျက်ရှိသည့် စက်ယန္တရားများ၊ ဝန်ထမ်းအင်အား၊ ဆီသီးခိုင်ထွက်ရှိမှု အခြေအနေများ၊ ဆီအုန်းဆီကြိတ်စက်ရုံ၊ ဆီချောစက်ရုံတည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ သို့

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

စာမျက်နှာ ၇ မှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သတ်မှတ်ခွဲဝေပေးထားသည့် ဧကများအလိုက် ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများ အနေဖြင့် ဆီအုန်းများကို ဖိဖိစီးစီး စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

ဆီအုန်းစိုက်ဧက ငါးသိန်းအပြည့်အဝရရှိရေးအတွက် နှစ်အလိုက် မှန်မှန်ကန်ကန်စိုက်ပျိုးသွားရန်လိုကြောင်း၊ ဆီအုန်းဧကပြည့်မီပြီး စားအုန်းဆီမြန်မြန်ထွက်လာမှ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် အမြန်လမ်းပန်းဆက်သွယ်မှု အခြေခံများကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းထူထောင်ပေးထားပြီးဖြစ်ရာ ဆက်သွယ်သွားလာမှု၊ ကုန်စည်ပို့ဆောင်မှုတို့အတွက် များစွာအဆင်ပြေသွားပြီဖြစ်ကြောင်း။

ထို့ကြောင့် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များအနေဖြင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်အပေါ်စေတနာထား တုံ့ပြန်ရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခမောက်ကြီးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံပြီး မြို့ဖွံ့ဖြိုးတိုးတက်

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ခမောက်ကြီးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ယုဇနကုမ္ပဏီက တနင်္သာရီတိုင်း၌ဆီအုန်းဧက လေးသောင်းကျော်စိုက်ပျိုးပြီးဖြစ်
ဆီအုန်းလုပ်ငန်းရှင်များ ဆီအုန်းကိုအောင်မြင်စွာစိုက်ပျိုးခြင်းဖြင့် တိုင်းပြည်အပေါ်စေတနာတုံ့ပြန်

ဖြစ်ပေါ်လာမှာ ဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် နိုင်ငံတော်၌စားသုံးဆီ ဖူလုံရမည်ဆိုသည့် မျှော်မှန်းချက်ထားရှိပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး ဝိုင်းဝန်းစိုက်ပျိုးအကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း။

ကုမ္ပဏီများအနေဖြင့် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းသကဲ့သို့ မိမိတို့ကုမ္ပဏီအလိုက်ဝန်ထမ်းများ၊ လုပ်သားများအတွက် ဆန်ဖူလုံမှုရှိစေရန် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းခြင်းမရှိသည့် နေရာများ၌ စပါးစိုက်ပျိုးသွားရန်ဖြစ်ကြောင်း။

မြေပြန့်၊ ကုန်းပြန့်မရှိပါက ကုန်းမြင့်လယ်ယာများ ဖော်ထုတ်၍ လည်းကောင်း၊ ချိုင့်ဝှမ်းစိုက်ပျိုးမှုပြုလုပ်၍ လည်းကောင်း စပါးစိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းရမှာဖြစ်ကြောင်း။

ဆီအုန်းစိုက်ခင်းများတည်ရှိရာ နယ်မြေတစ်လျှောက်၌ ယခင်ကာလများနှင့်မတူတော့ဘဲ ကားလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းစသည်ဖြင့် ရေးအတွက် စနစ်တကျကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသခံလူထုနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မြန်မြန် အကောင်အထည်ဖော်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ရှင်းရှင်းနီးနီးမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယုဇနကုမ္ပဏီ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

အမှတ်တရချိုးမြှင့်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှင်းလင်းဆောင်အနီး၌ ဆီအုန်းပင်ကို အမှတ်တရ ချိုးမြှင့်စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များကလည်း ဆီအုန်းပင်များကို စိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်အနီး၌ ဆီအုန်းပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းဆီကြိတ်စက်ရုံတည်ဆောက်ရေး ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားတွင် မော်ကွန်းကမ္ပည်းစာကို ဖုံးအုပ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ကော့သောင်းလေဆိပ်တွင်ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်တွင် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရေသိုလှမ်း

(၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အား တောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ခမောက်ကြီးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဘာသာရေးဝတ်အသင်း အဖွဲ့ဝင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအားလုပ်ငန်းဆိုင်ရာရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းဆိုင်ရာ ရှင်းလင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ၂၄ရက် နံနက်၈နာရီခွဲက ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်စဝ်နန်းခွမ်ဆမ်၊ တိုင်း အမျိုးသမီးရေးရာအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပဲခူးတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြော

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းမှုနှင့် ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ဟူသော အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာထွန်းက အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်အဖြစ်ပါဝင်လိုသူများ လျှောက်ထားနိုင်ပုံများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာအကြံပြုရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်အေးအေးကြည်က အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် လူမှောင်ခိုကုန်ကူးမှုမှ တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ အမျိုးသမီးငယ်ရွယ်တို့၏ ယဉ်ကျေးမှုဆိုင်ရာများနှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ခင်သိန်းရီက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး၊ စည်းကမ်း ထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး၊ စီမံရေးရာလုပ်ငန်းအဖွဲ့များ၏ တာဝန်များနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပဲခူးတိုင်းအတွင်းရှိ စေတနာရှင်အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းနှင့် အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း ဦးဆောင်သည့် အဖွဲ့တို့က အစည်းအဝေးတက်ရောက်လာကြသည့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးအသင်း ဂုဏာပူဇာပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မန္တလေးအသင်း(ရန်ကုန်)သည် နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေးမြို့မှ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မြဲတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် ဘဒ္ဒန္တ ဝိစိန္တာဝံသ၊ မူလဆီးဘန်းနီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၊ ကျောင်းထိုင် ဘုန်းကြီးသင်တန်း ကျောင်းဆရာတော် ဘဒ္ဒန္တ ကေသဝ အရှင်သူမြတ်တို့အား ဂုဏာပူဇာသဘင်ပူဇော်ပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း မန္တလေးအသင်းတိုက် ရတနာပုံခန်းမဆောင်ကြီး၌ ဆင်ယင်ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ စေတနာရှင်များ အသင်းတိုက် ဖုန်း–၂၈၆၀၉၉ သို့ ဆက်သွယ်၍ လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

သာသာယာယာ

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာသာယာယာရှိမည်။

ယနေ့ထုတ်စောင်ရေ ၁၉၈၄၄၁

ညောင်ကန်အေး အထူးတရားအားထုတ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ (၂၄)ကြိမ်မြောက် ၁၅ရက်စခန်းသက်ြန်ခါ ဝိပဿနာအထူးတရားအားထုတ်ပွဲကို ဧပြီ ၃ ရက်မှ ဧပြီ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရှင်သာမဏေတစ်ပါးအတွက် သင်္ကန်းပရိက္ခရာအစုံ ကျပ် ၄၀၀၀၊ ရဟန်းတစ်ပါးအတွက် သင်္ကန်းပရိက္ခရာအစုံ ကျပ် ၆၀၀၀၊ အရုဏ်ဆွမ်းတစ်နပ်လျှင် ကျပ် ၃၀၀၀၀၊ နေ့ဆွမ်းတစ်နပ်လျှင် ကျပ် ၆၀၀၀၀၊ ဖျော်ရည်တစ်ကြိမ်လျှင် ကျပ် ၅၀၀၀ ဖြင့် အဆိုပါ ရိပ်သာ ဖုန်း-၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပြည်သူလူထုပူးပေါင်းဆောင်ရွက်ပေး

သွေးလွန်တုပ်ကွေးရောဂါသည် ၁၉၅၄ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင် စတင်ဖြစ်ပွားခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများသို့ တဖြည်းဖြည်းကူးစက်ပျံ့နှံ့ခဲ့သော ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါ ခံစားရသည့် ကလေးငယ်များသည် လတ်တလောအဖျားကြီးပြီး သွေးယိုခြင်းဖြစ်လျက် သွေးလန့်၍ အသက်ဆုံးရှုံးနိုင်သည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါခံစားရသူ ကလေးငယ် အနည်းငယ်ကို ၁၉၆၅ ခုနှစ်၌ ရန်ကုန်မြို့တွင် စတင်တွေ့ရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ရာ ကလေးငယ် ၁၆၅၁ ဦးဖြစ်ပွားပြီး ၉၀ သေဆုံးခဲ့သည်။ ထိုရောဂါသည် ယခင်က လေးငါးနှစ်လျှင် တစ်ကြိမ်ခန့် ဖြစ်ပွားခဲ့ရာမှ ယခုအခါ နှစ်စဉ် သို့မဟုတ် တစ်နှစ်ခြား ကပ်ရောဂါအသွင်ဖြစ်ပွားလာသည်။ နှစ်၏နောက်ဆုံးလများ ဖြစ်သော နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ရောဂါဖြစ်ပွားမှု ရပ်တန့်မသွားဘဲ နောက်တစ်နှစ်အစပိုင်း ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအထိ ဆက်လက် ဖြစ်ပွားလာပါက ပိုမိုဆိုးရွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာ၍ ကူးသန်းသွားလာမှု ပိုမိုများပြားလာသဖြင့် မြို့ကြီးများ တွင်သာမက ကျေးလက်တောရွာများတွင်ပါ ဖြစ်ပွားနေသည်။ ၁၉၉၂ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေး၏ စာရင်းဇယားများအရ ဖြစ်ပွားသူစုစုပေါင်း ၃၉၄၃၃ ဦးတွင် ၁၅ နှစ်အောက် ကလေးငယ်စုစုပေါင်း ၃၉၃၁၀ဦး ဖြစ်ပွား၍ ၉၉ ဒသမ ၉၆ ရာခိုင်နှုန်း အများဆုံးဖြစ်ပွားပြီး ၁၅နှစ်အထက်တွင် ၁၂၃ ဦးဖြစ်ပွား၍ သုည ဒသမ ၃၁ ရာခိုင်နှုန်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ခြင်ကျားခေါ် ခြင်ပုန်းကိုက်ခြင်းဖြင့် ရောဂါကူးစက်သည်။ သွေးလွန်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးရှိသည့် လူနာကို ခြင်ကျားကိုက်ပြီး အခြားကလေးတစ်ယောက်ကို ထပ်မံကိုက်ပါက နောက်အကိုက်ခံရသည့် ကလေးငယ်လည်း ရောဂါကူးစက်ခံရသည်။ ယခုအချိန်အထိ သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကို တိုက်ရိုက်နှိမ်နင်းပေးနိုင်သော ဆေးဝါးများ၊ ရောဂါကာကွယ်ပေးနိုင်သော ကာကွယ်ဆေးများ မပေါ်ပေါက်သေးပါ။ ရောဂါကူးစက်မှုမဖြစ်စေရန် ခြင်နှိမ်နင်းသည့် နည်းလမ်းများသာရှိသည်။ ရောဂါပိုး သယ်ဆောင်နိုင်သည့် ခြင်ကျားသည် အိမ်ရှိရေစည်၊ ရေအိုး၊ အလှုပန်းအိုး၊ ဘုရားပန်းအိုး၊ နတ်အိုးစသော ရေကြည်ရေသန့်ရှိသည့် အိုးခွက်များနှင့် ပတ်ဝန်းကျင်ရှိ ရေတင်ပြီး ခြင်ပေါက်နိုင်သည့် အိုးခြမ်းပဲ့၊အုန်းမှုတ်ခွက်၊နို့ဆီခွက်၊ပုလင်းကွဲ၊ဘူးခွံ၊ဘက်ထရီအိုးဟောင်း၊ တာယာဟောင်းများတွင် ဥအုချသည်။ ဥသည်ရေနှင့်ထိပြီး ပိုးလောက်လန်း

မာမာဝင်း
(ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေး)

ကလေးများ ပေါက်ပွားလာသည်။ ဥမှခြင်ဖြစ်ရန် ၈ ရက်မှ ၁၂ရက်ခန့်ကြာသည်။ ဥများသည် ခြောက်သွေ့သည့်ဒဏ်ကို နှစ်လရှည်ကြာစွာခံနိုင်သည်။ ခြင်ကျားသည် ကလေး၊ လူကြီးများ၏သွေးကို နေ့အချိန်တွင် စုပ်ယူသည့် အိမ်တွင်းအနီးကပ်ရန်သူကြီး ဖြစ်သည်။ ခြင်ကောင်နှိမ်နင်းခြင်းထက် ပိုးလောက်လန်းနှိမ်နင်းခြင်းက ပို၍ လွယ်ကူထိရောက်မှုရှိသည်။

ပိုးလောက်လန်းမပေါက်ပွားစေရန် ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားရမည်။ ရေစည်၊ ရေအိုးမှရေကို မကြာခဏသွန်လဲ၍ ရေအသစ်ဖြည့်သည့်အခါ ရေစစ်၍ ထည့်နိုင်လျှင် ပိုကောင်းသည်။ ပိုးလောက်လန်းရှိသည့် အိုးခွက်များကို မသွန်မလှယ်နိုင်လျှင်လည်း ပိုးလောက်လန်းကို ခပ်ပစ်နိုင်သည်။ ရေမကြာခဏမလှယ်နိုင်သည့် ရေလှောင်ကန်ကြီးများတွင် ပိုးလောက်လန်းစားငါးထည့်ပေးခြင်းဖြင့် ခြင်မပေါက်အောင် ကာကွယ်နိုင်သည်။ ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှုပန်းအိုးများကို တစ်ပတ်တစ်ခါ သေချာစွာဆေးကြောလဲလှယ်ပေးရမည်။ ကြောင်အိမ်အောက်ခံခွက်နှင့် အလားတူ ခွက်များတွင် ပိုးလောက်လန်း မပေါက်ပွားအောင် ဒီဇယ်ဆီ၊ စက်ဆီအဟောင်းများလောင်းထည့်ပေးနိုင်သည်။ အိမ်ပတ်ဝန်းကျင်ရှိ အိုးခြမ်းပဲ့၊ အုန်းမှုတ်ခွက်၊ ဘူးခွံ၊ ပုလင်းကွဲအစရှိသည့် ရေတင်၍ ခြင်ပေါက်နိုင်သည့် အရာအားလုံးကို မြေမြှုပ်ပစ်သင့်သည်။ ကလေးငယ်များ ခြင်ကိုက်မခံရအောင် နေ့လယ်ခင်းအိပ်သည့်အခါ ခြင်ထောင်နှင့်သိပ်ရမည်။ နေ့အချိန် အိမ်အတွင်း၌ အလင်းရောင်ရရန် ပြတင်းပေါက်၊ တံခါးပေါက်များ ဖွင့်ထားရမည်။

ဆေးဖျန်း၊ ဆေးမှုတ်ခြင်းသည် ဆေးဖျန်းစဉ်ကာလတွင်ရှိသည့် ခြင်ကောင်များကိုသာ သေစေပြီး ပိုးလောက်လန်းအပေါ် ထိရောက်မှုမရှိသည့်အတွက် ပိုးလောက်လန်းကို နှိမ်နင်းမှသာ ရေရှည်ကာကွယ်ရာရောက်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်။ ရောဂါဖြစ်မှ ကုသခြင်းထက် ရောဂါမဖြစ်မီ ပိုးလောက်လန်းနှိမ်နင်းရေးကို တစ်နှစ်ပတ်လုံးဆောင်ရွက်သင့်သည်။ မိုးမကျမီ ဧပြီလမှစ၍ တစ်ပတ်တစ်ကြိမ် ပိုးလောက်လန်းနှိမ်နင်းရေးကို အင်တိုက်အားတိုက်ဆောင်ရွက်မှသာ မိုးတွင်းတွင် ရောဂါဖြစ်ပွားမည့်ဘေးမှ ကင်းဝေးနိုင်မည်။ နေ့အချိန်တွင် ကိုက်သည့်ခြင်ဖြစ်၍ နေ့အချိန်ကလေးများ စုဝေးရာကျောင်းများတွင် ကျောင်းကျန်းမာရေးအဖွဲ့နှင့် ဆရာဆရာမများ ဦးဆောင်ပြီး ခြင်ကင်းရှင်းသော ကျောင်းများဖြစ်ပေါ်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ကျောင်းတွင် ခြင်၊ပိုးလောက်လန်းနှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ကျောင်းသူကျောင်းသားများကိုယ်တိုင် ခြင်သည်၎င်းတို့၏အနီးကပ်ရန်သူအဖြစ်သိမြင်စေရန်လုပ်ဆောင်နေသည်။ ကျောင်းသားကျောင်းသူများခြင်နှိမ်နင်းသည့် အလေ့အကျင့်ကောင်းများရရှိသွားပြီး အနာဂတ်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်၌ ခြင်နှိမ်နင်းရေးကို စဉ်ဆက်မပြတ်တာဝန်ယူ ဆောင်ရွက်သွားကြပါလိမ့်မည်။ ပိုးလောက်လန်းနှိမ်နင်းရေး လုပ်ငန်းတွင် ကျန်းမာရေးဌာနနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ပြည်သူလူထုက မိမိတို့အိမ်မှ ပိုးလောက်လန်းကို မိမိတို့ကိုယ်တိုင် ဖယ်ရှားရှင်းလင်းနှိမ်နင်းကြပါမှ မိမိတို့၏ ရင်သွေးငယ် ကလေးများကို သွေးလွန်တုပ်ကွေးရောဂါဘေးမှကာကွယ်ရာရောက်ပါမည်။ သို့ပါ၍ မိမိတို့၏ရင်သွေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ကြရန်အတွက် မိမိတို့အိမ်များတွင် ပိုးလောက်လန်းနှိမ်နင်းရေးကို အလေးထား၍ လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

ခုတင်(၁၀၀)ဆံ့ တီဘီရောဂါကု ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင် ဝန်ကြီးဦးတင်ဝင်း စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းသည် ဖေဖော်ဝါရီ၂၇ရက် ညနေပိုင်းက ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ တီဘီရောဂါကု ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအစည်းအဝေးခန်းမ၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းမန်နေဂျာ ဦးသောင်းက ဆက်လက်တည်ဆောက်လျက်ရှိသည့် လူနာကုသဆောင်(၂)နှင့် အရန်အဆောက်အအုံများ၊ ဖောက်လုပ်သည့်မြေသားလမ်းနှင့် ကတ္တရာလမ်းများ ခင်းထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘကြည်က ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေ အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ခေတ္တဆေးရုံအုပ် ဒေါက်တာ ဒေါ်ခိုင်ချိုမြင့်က ဆေးရုံရှိ လူနာများကုသမှုအခြေအနေ၊ သောက်သုံးရေ ရရှိမှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေများကိုတင်ပြသည်။

ဝန်ကြီးက ခွင့်ပြုရန်ပုံငွေ အခြေအနေအရဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေ၊ မီးရရှိရေး၊ လူနာဆောင်(၂) ပြီးစီးအောင် ဆောင်ရွက်ရေး၊ ဆေးရုံဝန်ထမ်းနှင့် မြန်မာ့စက်ရုံနှင့်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းတို့မှ စိုက်ပျိုးသစ်ပင်များ ရှင်သန်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တီဘီရောဂါကုဆေးရုံ အုပ်ချုပ်မှုဆောင်၊ လူနာဆောင်များနှင့် တည်ဆောက်ဆဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုလုပ်ငန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ဖေဖော်ဝါရီ ၂၆ရက်က မန္တလေးမြို့ရှိ မြမန္တလာ ဟိုတယ်တိုးချဲ့ဆောင်တည်ဆောက်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားစဉ်။

(ဟိုတယ်/ခရီး)

ဆက်ကပ်လှူဒါန်း

ဖေဖော်ဝါရီ ၂၄ ရက်က ပုဇွန်တောင် အထက(၄) ဆရာမများ၊ ကျောင်းသူ ကျောင်းသားများစုပေါင်း၍ ဘုရားဖြူ ကျောင်းတိုက်အတွင်း တည်ဆောက်မည့် သုံးထပ်ကျောင်း ဆောက်လုပ်ရန် အတွက်အလှူတော်ငွေကျပ်၁၀၇၀၀၀ ကို ဆရာတော်ကြီးထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယမန်နေ့နံနက်၉ နာရီက အလုံမြို့နယ် အလုံခန်းမ၌ကျင်းပရာ ရန်ကုန်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌဒေါ်ဖြူဖြူရွှေနှင့် တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်နွယ်ဦးနှင့်အဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ သမားတော်ကြီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း မြို့နယ် ၁၃ မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန် အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ဖြူဖြူရွှေနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်နွယ်ဦးတို့က အသီးသီးအမှာစကားပြောကြားကြသည်။

ဟောပြော

ထို့နောက် သမားတော်ကြီး ဒေါက်တာထင်အောင်စောက HIV-AIDS ရောဂါအကြောင်းကိုလည်းကောင်း၊ ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက အသည်းရောဂါနှင့်ပတ်သက်၍ လည်းကောင်း၊ အဏုဇီဝဗေဒ ဆရာဝန်ကြီး ဒေါက်တာခင်ရည်ဦးက ကြက်/ငှက်တုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်လေးခိုင်က အမျိုးသမီးများဆင့်ပွားရောဂါ အကြောင်းကို လည်းကောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂၅ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပမည့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကိန်းဝပ်စံပယ်အပူဇော်ခံမည့် ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ဖနာရီတွင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပရာ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်အပ်သော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်အလှူရှင်များဖြစ်ကြသော ဦးအိုက်စံ-ဒေါ်ဖုံစု(သံလွင်တောင်တန်း ကျောက်မျက်ကုမ္ပဏီ)၊ ဦးသန်းမောင်-ဒေါ်လီလီမြင့်(ရွှေပင်တိုင် ရွှေသတ္တုထုတ်လုပ်ရေးကုမ္ပဏီ)၊ ဦးထွန်းရွှေ-ဒေါ်စန်းစန်းမြင့်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း(ရွှေနဂါးမင်း ထရိတ်ဒင်းကုမ္ပဏီ)တို့က ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (ဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ် ၆ ရက် ညတွင် မော်ကျွန်းမြို့နယ် နွားရေကျော်ကျေးရွာ၊ ၈၊ ၉နှင့် ၁၀ ရက်ညများတွင် အိမ်မဲမြို့နယ် သပြေကွင်းကျေးရွာ၊ ၁၁၊ ၁၂နှင့် ၁၃ ရက် ညများတွင် အိမ်မဲမြို့နယ် ကျောင်းစုကျေးရွာ၊ ၁၄၊ ၁၅နှင့် ၁၆ ရက် ညများတွင် အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင်ကျေးရွာ၊ ၁၇၊ ၁၈နှင့် ၁၉ ရက်ညများတွင် ကန်ကြီးထောင့်မြို့နယ် ဝက်ထိုးကျေးရွာတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တပ်မတော်စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ကျင်းပပြုလုပ်နိုင်ရေး ပြင်ဆင်မွမ်းမံမှုများပြုလုပ်နိုင်ရန် မတ် ၁ ရက်မှ စတင်၍ ပြည်သူများအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၄ ခုနှစ် မတ် ၂၆ ရက်တွင် (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှည့်လည်စစ်ဆေး

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ကော်မတီဝင်များ၊ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းသားရိုးရာတေးသံသာ
- ၈:၁၀ ၇။ ချစ်စရာအရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ ကံတင်ဘီးလင်း ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၇:၄၅ ၈။ မြန်မာစာမြန်မာစကား
- ၁၈:၀၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၁၈:၁၀ ၁၀။ မန်းချောင်းတံတား
- ၁၈:၁၅ ၁၁။ စက်မှုတပ်ဆင်လုပ်ငန်းတွင် (အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းဝင်း)
- ၁၈:၂၀ ၁၂။ Discovery
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း-၁)
- ၁၉:၂၀ ၁၆။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း-၂)
- ၁၉:၃၀ ၁၇။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၈။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ" (အပိုင်း-၄)**

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၀)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေနေသည့် နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၄၀)ကို ဖြန့်ချိထားသည်။ **(အောက်ပုံ)**

'မီဒီယာခေတ်မကျန်ရစ်ဖို့'ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြတင်ဆက်နေသည့် ယခုရက်သတ္တပတ်ထုတ် နိုင်ငံတကာ သတင်းဂျာနယ်တွင် ၂၀၀၃ ခုနှစ်၏ ထိပ်တန်းသတင်းဖြစ်ရပ်များ၊ ကုလသမဂ္ဂပရဝဏ်အတွင်း ဝင်လာသည့် သူလျှိုအကြောင်း၊ ဒုံးကျည်ကာကွယ်ရေးစနစ်တည်ဆောက်မည့်

ရုရှား၊စပိန်နိုင်ငံအကြောင်း သိကောင်းစရာ၊ အီရတ်စစ်ပွဲကြောင့် ရတနာပုံဆိုက်သည့် အမေရိကန်ကုမ္ပဏီကြီးများ၊ မက္ကဆီကိုနယ်စပ်ဒေသပြဿနာများ၊ တစ်နိုင်ငံတည်းပေါ် ဗဟိုမဏ္ဍိုင်ပြုသည့် သီအိုရီအပေါ်သုံးသပ်ချက်၊ ကမ္ဘာ့လယ်ယာထွက်ကုန်ဈေးကွက် တစေ့တစောင်း၊ ချူကလီးယားမှောင်ခိုဈေးကွက်၊ အီရန်-အီရတ် နယ်စပ်လှုပ်ရှားမှုများ၊ နိုင်ငံတကာဟာသ၊ ခြောက်နိုင်ငံဆွေးနွေးပွဲ၊ ပြည်သူ့ကာကွယ်ရေး ဥပဒေသများ သင်ကြားရေး၊ ပုံတူမျိုးပွားပညာ၊ ကြယ်တံခွန်ဆီခရီးနှင်မည့် ဥရောပ အာကာသမစ်ရှင်၊ တစ်ပတ်အတွင်း သတင်းမှတ်စု၊ အရှေ့ဥရောပသားတို့အတွက် မျှော်လင့်ချက် စသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားသည်။ **(မြန်မာ့အလင်း)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲထောက်ချုပ်ရဲမှူးချုပ်ဝင်းစိုး၊ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးတင်မောင်ထွန်း၊ တပ်ထိန်းတပ်မှူးဗိုလ်မှူးရဲမြင့်ထွန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်၊ အတွင်းရေးမှူးအစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြို့မဲ့/ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များသွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များသွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သော သက်ဆိုင်ရာ တပ်/ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗိုးတက်)နှင့်ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကိုလိုက်နာဆောင်ရွက်ခြင်းရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်

တနင်္သာရီတိုင်းတစ်ခွင် ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

တနင်္သာရီတိုင်းကော့သောင်းမြို့ ဘုရင့်နောင်ကုန်းရှိ ဘုရင့်နောင်မင်းတရားကြီး ရုပ်တုကိုတွေ့ရစဉ်။
(ဓာတ်ပုံ-ထွေးကြည်၊ မြန်မာ့အလင်း)

ထားဝယ်တက္ကသိုလ်စာသင်ဆောင်

တနင်္သာရီတိုင်းထားဝယ်မြို့ ထားဝယ်တက္ကသိုလ် စာသင်ဆောင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-ထွေးကြည်၊ မြန်မာ့အလင်း)

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
တနှစ်စိုက်ပျိုးမြေဧက	၄၆၈၀၀၀	၆၇၀၀၀၀
ဆီအုန်းဧက	-	၁၁၀၀၀၀
ရော်ဘာဧက	-	၁၀၄၀၀၀
တာတမံ	၁၄	၁၃၄
ရေလွှဲဆည်	-	၁၃
မွေးမြူရေး		
(သား/ငါး တစ်နှစ်တန်ချိန်)	-	၅၀၀၀၀၀
ပုလဲမွေးမြူရေး	မိုမီ ၇၃၀၀	မိုမီ ၇၂၀၀၀
လမ်းပန်းဆက်သွယ်ရေး		
ကားလမ်းမိုင်	၃၆၃	၆၃၄
တံတား	၁	၆
သင်္ဘောဆိပ်	၁၀	၁၂
ဆက်သွယ်ရေး		
တယ်လီဖုန်းအိတ်ချိန်း	၆	၁၈
ရေဒီယိုတယ်လီဖုန်း	-	၅၀
မိုက္ကရိုဝေ့ဗ်	၁	၂
ဂြိုဟ်တုဆက်သွယ်ရေးစခန်း	-	၂
ကိုယ်ပိုင်သုံးတယ်လီဖုန်း	၄၆၃	၃၉၅၁
အများပြည်သူသုံးတယ်လီဖုန်း	၄	၂၄



ကျွဲကူး-ကျောက်ဖျာတံတား

၂၀၀၃ခုနှစ် အောက်တိုဘာ၂၆ရက်က ဖွင့်လှစ်ခဲ့သည့် ကျွဲကူး-ကျောက်ဖျာတံတားသည် တနင်္သာရီတိုင်း မြိတ်-ထားဝယ်ကားလမ်းပေါ်၌တည်ရှိပြီး တံတားအရှည်မှာ ၃၆၁၂ ပေရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင်ခြောက်ပေစီရှိသည့် လူသွားလမ်းပါရှိသည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။
(ဓာတ်ပုံ-ထွေးကြည်၊ မြန်မာ့အလင်း)



တနင်္သာရီတိုင်း မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-ထွေးကြည်၊ မြန်မာ့အလင်း)

ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေး တက်ရောက်တော်မူမည့် ဆရာတော်ကြီးများ ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဆရာတော်များ ရန်ကုန်မြို့သို့ ရောက်ရှိတော်မူလာကြရာ ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းမှ ဆရာတော်ကြီးများသည် မီးရထားဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ ဆရာတော်ကြီးများသည် ယမန်နေ့မွန်းလွဲပိုင်းမှ စတင်လျက် လေကြောင်းခရီးဖြင့်လည်းကောင်း ရန်ကုန်မြို့သို့ ရောက်ရှိတော်မူလာကြရာ ကြိုဆိုပင့်ဆောင်ရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ရန်ကုန်ဘူတာကြီးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ကြိုဆိုဖူးမြော်ကြပြီး ခေတ္တသီတင်းသုံးမည့် သက်ဆိုင်ရာ ကျောင်းဆောင် အသီးသီးသို့ ပင့်ဆောင်ကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၈ ရက်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ၂၀၀၃ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နွေရာသီ စစ်တုရင် သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူး၍ နွေရာသီစစ်တုရင်သင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည်။

နွေရာသီစစ်တုရင်သင်တန်းများတွင် အခြေခံစစ်တုရင်သင်တန်းကို မတ် ၁၅ရက်မှ ဧပြီ ၉ရက်အထိ လည်းကောင်း၊ အဆင့်မြင့်သင်တန်းကို ဧပြီ ၁၉ ရက်မှ မေ ၅ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်(အောင်ဆန်းအားကစားပြိုင်ဝင်း၊ အထူးတန်းစင်မြင့်အောက်)တွင် နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ကျောင်းသားလူငယ် အမျိုးသား၊ အမျိုးသမီးများ မည်သူမဆို တက်ရောက်နိုင်ကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ ရုံးချိန်အတွင်း သတ်မှတ်ပုံစံများ ဖြည့်စွက်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်သည် ယမန်နေ့တွင် မင်္ဂလာဒုံ တပ်မတော် ဂေါက်ကွင်း၏ ၁၂၉ကိုက်ကွာဝေးသည့် ကျင်းအမှတ် (၇)၌ Tour Special No .5 Ball အား Maruman Verity No.(7) ဖြင့်ရိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။ ကစားဖော်များမှာ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝွန်း၊ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးမောင်မောင်နှင့် ဦးစိုးလှိုင်တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၈ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ပညာရှင်အဖွဲ့ တကောင်းနန်းတော်ဟောင်းနေရာ တူးဖော်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(ယဉ်ကျေးမှု)



ကျောက်တန်းမြို့နယ် ဆင်ကန်ရေလှောင်ကန် ရေစစ်ကန် ဒုတိယဝန်ကြီး စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက်က ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျောက်တန်းမြို့ရှိ ရပ်ကွက်(၆)ရပ်ကွက်သို့ ရေဖြန့်ဝေပေးနေသော ဆင်ကန်ရေလှောင်ကန်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်ထွန်းနှင့်အဖွဲ့က ကြိုဆိုသည်။

ဒုတိယဝန်ကြီးအား ဆင်ကန်ရေလှောင်ကန် သန့်ရှင်းသာယာလှပရေးနှင့် ရေကန်လုံခြုံရေး၊ ရေစက်ရုံသန့်ရှင်းရေး၊ ရေကန်အတွင်း အမှိုက်များရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်ကန်၊ ရေစက်ရုံတို့နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တန်းမြို့သို့ ပေးဝေနေသည့်ရေများတွင် သံဓာတ် အနည်းဆုံးပါဝင်မှုကို လျှော့ချစေရေး ဆောင်ရွက်နေသည့် ရေစစ်ကန်သို့သွားရောက်စစ်ဆေးပြီး ရေစစ်ကန် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစစ်ကန် လုံခြုံရေးကိစ္စများကို အလေးထား ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမပြန်စာမေးပွဲနှင့် ယဉ်ကျေးမှုသင်တန်းများ ကျင်းပနိုင်ရေး လှည်းကူးမြို့၌ ငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၉

လှည်းကူးမြို့နယ်ပရိယတ္တိသာသနာ နုဂ္ဂဟအသင်း၏ စတုတ္ထအကြိမ် ပထမပြန်စာမေးပွဲကို ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦး ဓမ္မာရုံ၌ ကျင်းပရာ ပထမကြီးတန်း၊ ပထမ လတ်တန်း၊ ပထမငယ်တန်း၊အခြေပြုမူလတန်းများအတွက် မြို့နယ်အတွင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင်စုစုပေါင်း ၁၁၇ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

လှည်းကူးမြို့နယ် ပရိယတ္တိသာသနာ နုဂ္ဂဟအသင်း၏ စတုတ္ထအကြိမ် ပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆို၍ အောင်မြင်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များ ဂုဏ်ပြု ဆုနှင်းသဘင်ကို မတ် ၇ ရက်တွင် လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

လှည်းကူးမြို့နယ် ပရိယတ္တိသာသနာနုဂ္ဂဟအသင်းအနေဖြင့် ပထမပြန်စာမေးပွဲများ၊ ယဉ်ကျေးမှု သင်တန်းများ ကျင်းပနိုင်ရေးနှင့် စတုတ္ထအကြိမ် ပထမပြန်စာမေးပွဲ စာအောင်ဆုနှင်းသဘင်ကျင်းပနိုင်ရေးအတွက် နယ်မြေခံတပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများက စုပေါင်း၍ အလှူတော်ငွေကျပ် ၄၅၀၀၀ နှင့် ဆွမ်းဆန်တော်သုံးအိတ်တို့ကို ဗိုလ်မှူးကြီးသန်းထွဋ်က လှူဒါန်းရာ အသင်း နာယကများဖြစ်ကြသော ဦးစိန်ဝင်း မြို့နယ်ပညာရေးမှူး (ငြိမ်း)နှင့် ဦးမြင့်ရွှေ အထကကျောင်းအုပ်ကြီး (ငြိမ်း)တို့က လက်ခံရယူကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေးကို မတ် ၇ ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ၌ ကျင်းပရန် စီစဉ်ထားသည်။

ယင်းအခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား ဂုဏဝိသိဋ္ဌ ပူဇော်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးရ၊ ထူးချွန်ဆုရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုခြင်းနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းတို့ကို တစ်ပါတည်းကျင်းပမည်ဖြစ်၍ မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်းမိတ္တူကို ဦးမောင်မောင်၊ ဖုန်း-၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း-၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း-၂၈၇၅၇၆၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း-၂၈၀၆၄၀၊ဦးကံဦး ဖုန်း-၆၆၆၉၂၃ တို့သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ပညာရေးဌာန၏ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် ဘက်စုံနှင့် ပညာရေးထူးချွန်သူ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအား ထူးချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်ပညာရေးဌာန ခန်းမ၌ကျင်းပရာ သင်္ဃန်းကျွန်းမြို့နယ် လက်ထောက်ပညာရေးမှူး ဦးခင်အောင်မြင့်က ဘက်စုံတတိယ၊ ကျောင်းလုပ်ငန်းတတိယ၊ သချင်္ာပထမ၊ ရန်ကုန်တိုင်း ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သူ အမက(၂၉)မှ မအေးချမ်းမေအား ထူးချွန်ဆုချီးမြှင့်စဉ်။ (ဝ၅၂)

မြဝတီရုပ်မြင်သံကြား

၁-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Industrial Organization Psychology (စိတ်ပညာအထူးပြု)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လှျပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၂၁)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လှျပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၁၅)

လူမှုဖူလုံရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက် လှိုင်သာယာမြို့နယ်တွင် ဆွေးနွေးဟောပြောကုသ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ခုတင် (၁၀၀)ဆံ့ တီဘီ ရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါ်ခိုင်ချိုမြင့်၊ တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါ်တင့်တင့်နှင့်အဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၂၄ ရက်က လှိုင်သာယာစက်မှုဇုန်(၂)ရှိ ငွေခြင်္သေ့ကုမ္ပဏီမှ အလုပ်သမား ၅၉ ဦးတို့အားလည်းကောင်း၊ Myanmar Care Co., Ltd. မှ အလုပ်သမား ၇၀ တို့အားလည်းကောင်း လူမှုဖူလုံရေးအကြောင်း ပညာပေးဟောပြောခြင်း၊ တီဘီရောဂါကာကွယ်ခြင်း၊ ကုသခြင်းများအကြောင်း ဆွေးနွေးခြင်း၊ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းမှ တိုင်းမန်နေဂျာ ဒေါ်ရီရီလှိုင်၊ လှိုင်သာယာလူမှုဖူလုံရေးအဖွဲ့မှ ရုံးခွဲ တာဝန်ခံ ဦးသောင်းမြင့်နှင့် စစ်ဆေးရေးမှူးများ၊ လှိုင်သာယာလူမှုဖူလုံရေး ဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါ်နွဲ့နွဲ့ဦးတို့က ကူညီပံ့ပိုး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

တွံတေးမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အဌမအကြိမ်မြောက် တွံတေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်၈နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်း**(အပေါ်ပုံ)**နှင့် အသင်းနာယက ဦးသောင်းတင်တို့က အမှာစကားပြောကြားကြသည်။

အကြံပြု

ထို့နောက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က လည်းကောင်း၊ စာရင်းစစ် အစီရင်ခံစာနှင့် ရငွေစာရင်းကို အမှုဆောင် အဖွဲ့ဝင်များကလည်းကောင်း တင်ပြကြပြီး အသင်းသား အသင်းသူများက အကြံပြုတင်ပြကြကာ အစီရင်ခံစာများကို အတည်ပြုကြသည်။

ထို့နောက် ပညာရည်ချွန်ဆုများကို ချီးမြှင့်ရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးတို့အား လည်းကောင်း၊ ၂၀၀၃ ခုနှစ် ပခုက္ကူ ဦးအုံးဖေ၏ ကျမ်းစာပေ မြန်မာ့ ရိုးရာသဘာဝအမိုးများ ဒုတိယဆုရရှိသူ ဦးကြည်ထွဏ်း(ထန်လှိုင်)အားလည်းကောင်း၊ လူမှုထူးချွန်ဆု တတိယဆင့်ရရှိသူ ဦးစိုးလွင်တို့အားလည်းကောင်း အသင်း၏နာယက ဦးသောင်းတင်နှင့် တာဝန်ရှိသူတို့က ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ကန်တော့

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို ကျင်းပရာ အသင်းဝင်များအနက်မှ အသက်(၇၅)နှစ်အထက်ရှိ သက်ကြီးအမျိုးသား ၃၃ ဦးနှင့် အမျိုးသမီး ၂၅ ဦးတို့အား အသင်းဝင်တို့က ကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ကြသည်။

နှုတ်ခွန်းဆက်

ထို့နောက် အမှုဆောင်သစ်ရွေးချယ်ပွဲကို ကျင်းပရာ ရှေးဦးစွာ အမှုဆောင်ဟောင်းများ နုတ်ထွက်ကြောင်း ကြေညာပြီး အသင်းနာယက ခုနစ်ဦးနှင့် အမှုဆောင်အဖွဲ့ဝင် ၂၅ ဦးတို့အား ရွေးချယ်တင်မြှောက်ကြပြီး အမှုဆောင်အဖွဲ့သစ်ဥက္ကဋ္ဌ ဒေါ်သင်းသင်းက နှုတ်ခွန်းဆက်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

ဩဝါဒါစရိယဆရာတော်ကြီးများအား ပူဇော်ကန်တော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ (၄၄)ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် အဘိဓမ္မာသင်တန်းပြ ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုထောမနာအခမ်းအနားကို မတ် ၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ (အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး)တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ စေတနာရှင် အလှူရှင်များ ကြွရောက်လှူဒါန်း ကြည်ညိုနိုင်ကြောင်း သိရသည်။

(က-ပ)

ယဥ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဗဟန်းမြို့နယ် မင်္ဂလာဇေယျာဟာ အသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် (၄၆)ကြိမ်မြောက်ဗုဒ္ဓဘာသာယဥ်ကျေးမှုနှင့်မင်္ဂလသုတ်ပို့သင်တန်းကို(မတ်၅ရက်)တပေါင်းလပြည့် (သောကြာနေ့) နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ်၍ တစ်ပတ်လျှင်နှစ်ရက် သင်ကြားမည်ဖြစ်ရာ အသက် ရှစ်နှစ်မှ၇၀အထိ ပုဂ္ဂိုလ်များ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ငါးချိုစိန်ခေါ်ပွဲတွင် ဝဲမှယာ အာလီ၏ ဘယ်ဝိုက်လက်သီး လုံးချော၏ မျက်နှာအား ထိမိပြီး လုံးချော၏ ဘယ်ထောက်လက်သီး အာလီ၏ ဘယ်ဘက်နားအုံကို ထိမိထားစဉ်။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ လက်ဝှေ့ပွဲ လုံးချောက အာလီကိုအနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ရန်ပုံငွေအတွက် ရိုးရာလက်ဝှေ့လက်ရည်စစ်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားရုံ၌ ဒုတိယနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပသည်။

ကြားပွဲများ

ဒုတိယနေ့သုံးချီကြားပွဲတွင် လင်းအောင်(ရွှေရိုးရာ)နှင့် သိုးကောင်း(ပွဲကျောင်းသား)တို့ပွဲမှာ သရေကျသွားသည်။ ကညင်မောင်မောင်(မလှိုင်)နှင့် စောဖိုးခွား(အင်းစိန်)တို့ပွဲတွင် စောဖိုးခွားအနိုင်ရရှိသည်။ စောတညင်(မ/ဥက္ကလာ)နှင့် လူလေး(ရဲမွန်)တို့ပွဲမှာ စောတညင်ရှုံးနိမ့်သွားသည်။ သားအောင်ပွဲမောင်(မ/ဥက္ကလာ)နှင့် မောင်လေး(မြိတ်)တို့ပွဲမှာ မောင်လေးဆေးကျသွားသည်။ စောအေးနိုင်(မျိုးဇာနည်)နှင့် ဇော်မိုးထွန်း(တွံတေး)တို့ပွဲမှာ သရေဖြစ်သွားသည်။ နောက်ဆုံးကြားပွဲကို စောအေးနိုင်(မျိုးဇာနည်)နှင့် ဇော်မိုးထွန်းတို့ ထိုးသတ်ကြရာ သရေပင်ဖြစ်သွားသည်။

ငါးချိုစိန်ခေါ်ပွဲ

ငါးချိုအထူးစိန်ခေါ်ပွဲကို သားစစ်နိုင်(တွံတေး)နှင့် စိုင်းကို(ထားဝယ်)တို့ပွဲမှာ သရေဖြစ်သွားသည်။ တိုက်ကျား(သူရဲကောင်း)နှင့် ဒေါင်းလေး (ကျောက်မှော်)တို့ပွဲတွင် တိုက်ကျား၏ရင်စုံထိုးချက်ကြောင့် ဒေါင်းလေးရှုံးနိမ့်သွားရသည်။ ကျားသစ်လေး(ပြွန်တန်ဆာ)နှင့် စောဖွဲလေး(ထားဝယ်)တို့ပွဲမှာ ကြည့်ကောင်းသည်။ တတိယအချီတွင် ဖွဲလေး၏ဘယ်ညာဝိုက်လက်သီးဒဏ်ကြောင့် ကျားလေး အထိနာနေသည်။ ဖွဲလေး၏အတင်းဝင် အတင်းထိုးချက်များကြောင့် ကျားလေး ဘယ်လက်ကောက်ဝတ်ကျိုးသွား၍ ဖွဲလေး(ထားဝယ်)အနိုင်ရရှိသွားသည်။

စတုတ္ထပွဲစဉ်ကို တက်သစ်စကြယ်(လယ်/ဆည်)နှင့် နေစကြာ(ရွှေရိုးရာ)တို့ယှဉ်ပြိုင်ကြရာ တက်သစ်စကြယ်မှာ အရပ်ရှည်ပြီး လူကောင်စားသလို နေစကြာမှာအရပ်ပုပြီး ကြံ့ကြံ့ခံ ကစားနိုင်သည်။ နှစ်ချီမြောက်တွင် နေစကြာက ဘယ်ညာတွဲလုံးများ ဝင်လာသဖြင့် တက်သစ်စကြယ် မခံနိုင်ဘဲ ပစ်လဲကျသွားပြီး အရှုံးပေးလိုက်ရသည်။

လေ့ကျင့်မှု

အများမျှော်လင့်ထားသော အာလီနှင့် လုံးချော(သူရဲကောင်းကလပ်)တို့ပွဲမှာ အတော်ကြည့်ကောင်းမည်ထင်ရသော်လည်း အာလီကလေ့ကျင့်မှုနည်း၍ လက်သီးကွက်များပျက်နေသည်။ လုံးချောက အရင်နှင့်စာရင် တိုးတက်လာသော်လည်း ရွှေဆိုင်း၊ ဝမ်ချိုင်း၊ ရှမ်းလေးသွေးတို့ကို မမီနိုင်သေးပါ၊ လေ့ကျင့်ရန် အများကြီးလိုသေးသည်။

လုံးချောကဝင်လိုက်တိုင်း အာလီကရှည်လျားသော ခြေထောက်ကြီးဖြင့် ဆီးခတ်လိုက်သဖြင့် လုံးချောလဲကျသွားသည်။ ဒုတိယအချီမှစပြီး လုံးချော တိုက်စစ် ပြောင်းကာ ခြေမြှောက်နေသော အာလီနားသို့ဝင်ကာ ဘယ်ဝိုက်ညာဝိုက်များဖြင့်အတွဲလိုက်ထိုးရာ အာလီအလူးအလဲ ရှောင်တိမ်းရတော့သည်။

အာလီကခေါင်းကိုင်ပူးလိုက်၊ လုံးချောကခွာပြီးပတ်ကန်လိုက်၊ လုံးချောက အနီးကပ်တွဲလက်သီးသုံးလိုက် လုပ်နေရာ အာလီပြေးဝင်လာရာ လုံးချောက ထိပ် ဆီးထုလိုက်ရာ မှောက်လျက်ဖြစ်သွားတော့သည်။ အမှတ်စဉ်ရေသော်လည်း အာလီမထနိုင်တော့ဘဲ အရှုံးပေးသွားရသည်။ **(မြန်မာ့အလင်း)**

ရွှေကျင်အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရွှေကျင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၅ရက်(တပေါင်းလပြည့်နေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဦးငွေစိုး ဖုန်း-၂၀၁၁၂၃၊ ဒေါ်ခင်ခင်လေး ဖုန်း-၂၈၇၆၇၉၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၅၇၁၈၆၈ နှင့် ရွှေကျင်မြို့နယ်ဓမ္မာရုံ ဖုန်း-၂၄၁၈၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်းစက်ဘီးပြိုင်ပွဲ ရန်ကုန်တိုင်း အမျိုးသား၊ အမျိုးသမီးအသင်းဦးဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသား အမျိုးသမီး စက်ဘီး ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် စက်ဘီးလေ့ကျင့်ရေးကွင်းတွင် ကျင်းပရာ ဖေဖော်ဝါရီ ၂၈ရက်အထိ ပြိုင်ပွဲများအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ ရန်ကုန်တိုင်း အသင်းက ရွှေငါးခု၊ ငွေသုံးခု၊ ကြေးတစ်ခုဖြင့် ထိပ်မှ ဦးဆောင်နေပြီး အမျိုးသမီးပြိုင်ပွဲတွင်လည်း ရန်ကုန်တိုင်းအသင်းက ရွှေငါး ခု၊ ငွေသုံးခု၊ ကြေးတစ်ခုဖြင့် ဦးဆောင် ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

(၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲအမျိုးသားပြိုင်ပွဲ မီတာ ၁၀၀၀၊ မီတာ ၄၀၀၀နှင့် တာဆေးပြိုင်ပွဲများတွင် ပထမရရှိပြီး ရွှေတံဆိပ်သုံးဆုရှင် ဝင်းလှိုင်(ရန်ကုန်တိုင်း)အား ဆုများနှင့်အတူတွေ့ရစဉ်။

(မြန်မာ့အလင်း)

လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

Diamond Star Co.,Ltd.၏ (၁၀-၁-၀၄) နေ့ တွင်ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ကျပ်သိန်း (၈၀၀) မဟာကံစမ်းမဲဖွင့်ပွဲကြီးတွင် ပထမဆု ကျပ်သိန်း (၅၀)ကို ဆွတ်ခူးရရှိခဲ့သော ဦးတင်ရီနှင့်မိသားစု "ကောင်းစံ" ဓါတ်ဆွဲစက်မှ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာဖြင့် အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဒုတိယအကြိမ်မဟာကံစမ်းမဲဖွင့်ပွဲကိုလည်း "ဒုံးမျှော်ဆိပ်-အဆောင့်မြင့်ဂျုံမှုန့်" ကို ဝယ်ယူအားပေးရင်းဖြင့် စောင့်မျှော်လျက်...

ဦးတင်ရီ
ကောင်းစံဓါတ်ဆွဲစက်
သမိန်ဗြူ(၂)လမ်း ကြည်စုရပ်ကွက် ဒေါပုံမြို့နယ်။
Ph: 01-549581,01-707657

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်ရိုးသစ် ဓာတုဗေဒဘာသာ သင်ခန်းစာများကို ဆက်လက် ဖော်ပြ လိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သင်ရိုးသစ် ဓာတုဗေဒဘာသာ သိကောင်းစရာ

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းရဲ့လမ်းညွှန်ချက်နှင့်အညီ ယခုနှစ် တက္ကသိုလ်ဝင်တန်း(ဒသမတန်း)စာမေးပွဲကြီးမှာ ဓာတုဗေဒဘာသာရပ်ကို သင်ရိုးသစ်နဲ့ သီးသန့်ဘာသာရပ်အနေဖြင့် စစ်ဆေးမှာ ဖြစ်ပါတယ်။

ဓာတုဗေဒသင်ရိုးသစ်မှာ Chapter (1) to Chapter (15) အထိပါရှိတယ်။ Chapter (1) ကတော့ The Electronic Structure of atoms, periodic table and chemical bonds အခန်းပဲ ဖြစ်တယ်။ ဒီအခန်းမှာ Atom ထက်သေးငယ်တဲ့အမှုန်များဖြစ်တဲ့ proton, neutron နဲ့ electron တွေအကြောင်းကို လေ့လာရမှာဖြစ်ပြီး Atom တွေရဲ့ electron တည်ဆောက်ပုံကို အသေးစိတ် လေ့လာရပါမယ်။ ဒါ့အပြင် ဒြပ်စင်များရဲ့ အလှည့်မှန်ဇယား The periodic table of the Elements ကို ထပ်မံသင်ယူရပါမယ်။ ထိုမှတစ်ဖန် ဒြပ်စင်များ (Elements) ကို လျှပ်စစ်ဓာတ်ဖိုဒြပ်စင် (Electropositive elements) နဲ့ လျှပ်စစ်ဓာတ်မဒြပ်စင် (Electronegative elements) များအကြောင်းကို သိရှိရမှာဖြစ်တယ်။ Atom အရွယ်အစား၊ Atom များ၏ Ionization energy နဲ့ Electron affinity အကြောင်းတွေအပြင် ဓာတ်စည်းများဖြစ်တဲ့ လျှပ်စစ်စည်း (Ionic bond)၊ ဖက်စပ်စည်း (Covalent bond)၊ ပေးမျှစည်း (Coordinate bond) နဲ့ သတ္တုစည်း (Metallic bond) တွေအကြောင်း စိတ်ဝင်စားဖွယ် လေ့လာရမှာ ဖြစ်တယ်။

Chapter (2) ဖြစ်တဲ့ The Gaseous State and the Gas Laws အခန်းမှာ ဓာတ်ငွေ့အခြေတွင် ထုထည် (Volume)၊ ဖိအား (Pressure) နဲ့ အပူချိန် (Temperature) တို့ တစ်ခုနဲ့တစ်ခု ဆက်သွယ်ပုံ၊ ဓာတ်ငွေ့များနဲ့ ပတ်သက်တဲ့ Boyle's Law, Charle's Law, Dalton's Law of partial pressure, Avogradro's Theory, Gay- Lussac's Law of Combining volumes of gases, Graham's Law of gaseous diffusion တွေ အကြောင်းအပြင် ယင်းတို့နဲ့ ဆက်နွှယ်တဲ့ပုစ္ဆာတွေကို တွက်ချက်ရမှာ ဖြစ်တယ်။

Chapter (3) Stoichiometry အခန်းမှာ ဓာတုဗေဒညီမျှခြင်းတွေ၊ ဓာတ်ပြုခြင်းတွေကို ဓာတုသင်္ချာအနေဖြင့် ဖြေရှင်းလေ့လာရမှာ ဖြစ်တယ်။

Chapter (4) Electrolysis လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းအခန်းမှာ Conductors, Electrolyte and Electrical Conductivity အကြောင်း၊ The ionic theory နဲ့ Electrolysis of salt solutions အကြောင်းအပြင် Faraday's law of electrolysis နဲ့သက်ဆိုင်တဲ့ ပုစ္ဆာများကို လေ့လာဖြေရှင်းရမှာဖြစ်တယ်။

Chapter (5) ကတော့ Oxidation and Reduction အခန်းဖြစ်တယ်။ ဒီအခန်းမှာ ဓာတ်တိုးခြင်းနှင့် ဓာတ်လျော့ခြင်း၊ ဓာတ်ပြုခြင်းတွေကို လေ့လာရမယ်။ ဓာတ်တိုးပစ္စည်း Oxidizing agent၊ ဓာတ်လျော့ပစ္စည်း Reducing agent အကြောင်းအရာတွေ၊ ဓာတ်တိုးခြင်း၊ ဓာတ်လျော့ခြင်း ညီမျှခြင်းများညှိခြင်း (Balancing Oxidation - Reduction Equation) ကို စနစ်တကျလေ့လာကြမယ်၊ လေ့ကျင့်ကြရမယ်၊ Ion-electron (half- reaction) method နဲ့ ညီမျှခြင်းများ ညှိနည်းကိုပါ အသေးစိတ်လေ့လာကြရပါမယ်။

Chapter (6) Rates of reactions and equilibria အခန်းမှာ ဓာတ်ပြုခြင်းနဲ့ ဓာတ်ပြုနှုန်း ဓာတ်ပြုညီမျှခြေများကို ဥပမာများဖြင့် လေ့လာပြီး သင်ယူရမှာဖြစ်တယ်။

Chapter (7) Energy changes in chemical reaction အခန်းမှာတော့ စွမ်းအင်အမျိုးမျိုးဖြစ်တဲ့ အရွေ့စွမ်းအင် (Kinetic energy)၊ အတည်စွမ်းအင် (Potential energy)၊ အပူစွမ်းအင် (Thermal energy)၊ ဓာတုစွမ်းအင် (Chemical energy) နဲ့ လျှပ်စစ်စွမ်းအင် (Electrical energy)၊ မော်တာမှ ထုတ်ယူရရှိတဲ့ စက်မှုစွမ်းအင် (Mechanical energy) အကြောင်းအရာတွေကို ဆက်စပ်လေ့လာရမှာဖြစ်တယ်။ အထူးသဖြင့် ဒီအခန်းမှာ ဓာတ်ပြုခြင်း၌ ဖြစ်ပေါ်သော အပူထွက်ဓာတ်ပြုခြင်း (Exothermic reaction)၊ အပူစုပ်ဓာတ်ပြုခြင်း (Endothermic reaction) တွေကို သင်ယူရပါမယ်။ ဒါ့အပြင် ဓာတ်ပြုခြင်းလောင်ကျွမ်းအပူ (Heat of combustion)၊ ဒြပ်ပေါင်းဖြစ်အပူ (Heat of formation) ဓာတ်ပြယ်ခြင်းအပူ (Heat of neutralization) အကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး Hess's law of constant heat summation ပုစ္ဆာတွေကို တွက်ထုတ်ပြီး လေ့လာရမှာဖြစ်လို့ စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

Chapter (8) Some important metals and their compounds အခန်းမှာ အရေးကြီးတဲ့ သတ္တုများဖြစ်တဲ့ ဆိုဒီယမ် (Sodium)၊ မဂ္ဂနီဆီယမ် (Magnesium)၊ ကယ်လ်ဆီယမ် (Calcium)၊ အလူမီနီယမ် (Aluminium)၊ ခဲ (Lead) အစရှိသော သတ္တုများထုတ်ဖော်နည်းနဲ့ ဓာတ်ပြုခြင်းများကို လေ့လာသင်ယူရပါမယ်။

Chapter (9) ဖြစ်တဲ့ Some important metals and their compounds အခန်းမှာ စက်မှုလုပ်ငန်းမှာအရေးကြီးသော သတ္တုများဖြစ်တဲ့ သံ (Iron)၊ ကြေးနီ (Copper)၊ ငွေ (Silver)၊ သွပ် (Zinc) တို့ရဲ့ ထုတ်ယူနည်းများ၊ သတ္တုဒြပ်ပေါင်းများရဲ့ ထုတ်ဖော်နည်း၊ ဓာတ်ပြုခြင်းများ၊ ဓာတ်ဂုဏ်သတ္တိများနဲ့ အသုံးပြုနည်းများကိုပါ လေ့လာသင်ယူရပါမယ်။

Chapter (10) အခန်းမှာ Nitrogen ဓာတ်ငွေ့ထုတ်ဖော်ပုံ၊ ဂုဏ်သတ္တိများနဲ့ အသုံးပြုပုံများကို သင်ယူရပါမယ်။ ဒါ့အပြင် Nitrogen ရဲ့ အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Ammonia (NH_3), Nitrogen oxide (NO), Dinitrogen oxide (N_2O), Nitrogen Dioxide (NO_2) , Nitric acid (HNO_3) စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာရပါမယ်။

Chapter (11) Sulphur and its compounds အခန်းမှာကန့် (Sulphur) ကို မည်သို့ထုတ်ဖော်ပုံ၊ အသွင်ကွဲများတည်ဆောက်ပုံနှင့် ရုပ်နှင့်ဓာတ် ဂုဏ်သတ္တိများကို အသေးစိတ်လေ့လာရမှာ ဖြစ်တယ်။ ဒါ့အပြင် Sulphur ရဲ့ အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Hydrogen sulphide (H_2S) ,Sulphur dioxide (SO_2), Sulphur trioxide (SO_3), Sulphuric acid (H_2SO_4) စသည်တို့ရဲ့ ထုတ်ဖော်ပုံ ဂုဏ်သတ္တိများ၊ ဓာတ်ပြုခြင်းများကို စိတ်ဝင်စားဖွယ် လေ့လာရမှာဖြစ်တယ်။

Chapter (12) The Halogens အခန်းမှာ ဟေလိုဂျင်များဖြစ်တဲ့ Chlorine (CL_2),Bromine,(Br_2), Iodine (I_2) တို့ရဲ့ ထုတ်ဖော်ပုံ ဂုဏ်သတ္တိများကို စနစ်တကျသင်ယူရပါမယ်။

Chapter (13) Acids, Bases and their neutralization အခန်းမှာ အက်ဆစ်များ၊ ဗေ့များရဲ့ Theory များ၊ The hydrogen ion exponent (pH)၊ အက်ဆစ်ပြင်းအား (Strength of acids)၊ အက်ဆစ်နှင့် ဗေ့ဓာတ်ပြုခြင်းများ (Neutralization of acids and bases)၊ ဆားများရေသွင်းဖြိုခွဲခြင်း (Hydrolysis of salts)၊ ကြားခံဖြေဖျော်ရည် (Buffer Solution)၊ အညွှန်းပစ္စည်းများ (Indicators)၊ ထုထည်တိုင်း ဓာတ်ခွဲခြင်း (Titration or volumetric analysis) တို့ရဲ့ သဘောတရားနဲ့ လက်တွေ့လုပ်ငန်းတွင် အသုံးပြုပုံများကို ဥပမာများဖြင့် လေ့လာတွက်ချက်ပြီး အဖြေရှာရမှာဖြစ်တယ်။

Chapter (14) Organic chemistry အခန်းမှာ Carbon compounds များဖြစ်တဲ့ Alkane (ပြည့်ဝဟိုက်ဒရိုကာဗွန်) သို့မဟုတ် တစ်ထပ်စည်းပါ ဟိုက်ဒရိုကာဗွန်၊ မပြည့်ဝဟိုက်ဒရိုကာဗွန်ဖြစ်တဲ့ alkene သို့မဟုတ် နှစ်ထပ်စည်းပါ ဟိုက်ဒရိုကာဗွန်၊ alkyne သို့မဟုတ် သုံးထပ်စည်းပါ ဟိုက်ဒရိုကာဗွန် တို့ရဲ့ ထုတ်ဖော်ပုံဓာတ်ပြုခြင်းများ ဒြပ်ပေါင်းများရဲ့ Graphic formula, Electron dot-cross formula၊ အမည်ပေးစနစ် (Nomenclature) တို့ကိုပါ အသေးစိတ်လေ့လာရပါမယ်။ ဒါ့အပြင် ဆေးဝါးနဲ့ စက်မှုလုပ်ငန်းမှာ အသုံးဝင်တဲ့ အက်သနော (Ethanol) ရဲ့ ထုတ်ဖော်ပုံ အမျိုးမျိုးနဲ့ ဓာတ်ပြု ညီမျှခြင်းများကို လေ့လာရပါမယ်။

Chapter (15) Chemistry in Society အခန်းမှာ ခေတ်မီလယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ အရေးပါတဲ့ ဓာတ်မြေသြဇာ (Chemical fertilizers) အကြောင်းတင်ပြထားပါတယ်။ အကြောင်းကတော့ စပါးအပါအဝင် ကောက်ပဲသီးနှံ စိုက်ပျိုးတဲ့အခါမှာ အပင်များရဲ့ အာဟာရဓာတ်ဖြစ်တဲ့ Nitrogen (N), Phosphorus (P), Potassium (K) တို့ကို ဓာတ်မြေသြဇာက မြေမှတစ်ဆင့် ဖြန့်ဝေပေးပါတယ်။ မြေမှတစ်ဆင့် စပါး၊ ကောက်ပဲသီးနှံများ အာဟာရဓာတ်ရတဲ့အခါ အပင်ကြီးထွားမှု၊ အသီးနှင့်အစေ့ကြီးထွားသဖြင့် စပါးအထွက်တိုးခြင်း စသည်တို့ကို အကျိုးခံစားရပါတယ်။ ဒီအခန်းမှာ Nitrogen fertilizer ဖြစ်တဲ့ Urea, Ammonium Sulphate, Ammonium nitrate ထုတ်ဖော်အသုံးပြုပုံများ၊ Phosphate fertilizer ဖြစ်တဲ့ Superphosphate, potassium fertilizer ဖြစ်တဲ့ potassium chloride, potassium sulphate ထုတ်ဖော်အသုံးပြုပုံများကို ရှင်းပြထားပါတယ်။

ဒါ့အပြင် ဆောက်လုပ်ရေးတွင် အရေးကြီးတဲ့ ဘိလပ်မြေ (cement) ထုတ်ဖော်နည်းနဲ့ ဓာတုဗေဒအခြေခံ သဘောတရားတွေကို လေ့လာရပါမယ်။ ပင်လယ်ရေမှအသုံးဝင်လှတဲ့ အိမ်သုံးဆား (Sodium chloride) ထုတ်ဖော်နည်းများကိုလဲ စိတ်ဝင်စားဖွယ် လေ့လာရမှာဖြစ်တယ်။

ယခုတက္ကသိုလ်ဝင်တန်း ဓာတုဗေဒဘာသာ သင်ရိုးသစ်မေးခွန်းလွှာမှာ အမှတ်(၁၀၀)ဖိုးဖြစ်တယ်။ မေးခွန်းလွှာမှာအပိုင်းနှစ်ပိုင်းပါတယ်။ Section (A) နှင့် Section (B) ဖြစ်တယ်။ Section (A) မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းများ (objective type questions) များဖြစ်ပြီး အမှတ်(၃၆)မှတ်ဖိုးဖြစ်တယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်း(၅)မျိုးကို မေးထားတယ်။ ယင်း(၅)မျိုးကတော့-

(၁) မှန်/မှားရွေးချယ်မေးခွန်း (True or False question type) အတွက် အမှတ် (၇)မှတ်။

(၂) ကွက်လပ်ဖြည့်စွက်ခြင်း (Fill in the blank question type) အတွက် အမှတ်(၇)မှတ်။

(၃) အမှန်ဆုံးကိုရွေးချယ်ခြင်း (Multiple choice question type) အတွက် အမှတ် (၇)မှတ်။

(၄) တူညီသောအကြောင်းအရာကို ပူးတွဲစီရီပေးခြင်း (Matching type question type) အတွက် အမှတ်(၇)မှတ်။

(၅) မေးခွန်းတိုမေးခြင်း (Short question type) အတွက် အမှတ်(၈)မှတ်၊ စုစုပေါင်း (၃၆)မှတ်ဖြစ်တယ်။

Section (B) မေးခွန်းမှာ နံပါတ် (၆)၊ (၇) နှင့် (၈)ပါပြီး စုစုပေါင်း (၆၄)မှတ်ဖိုး ဖြစ်တယ်။ အမှတ်ခွဲဝေပုံမှာ မေးခွန်းနံပါတ်(၆)အတွက် (၂)မှတ်တန် ခြောက်ပုဒ်ဖြေရပြီး (၁၂)မှတ်၊ မေးခွန်းနံပါတ်(၇)မှာ မေးခွန်း ငါးပုဒ်ဖြေရပြီး (၄)မှတ်တန်မေးခွန်းမို့ (၂၀)မှတ်၊ မေးခွန်းနံပါတ် (၈)မှာ မေးခွန်း လေးပုဒ်ဖြေရပြီး တစ်ပုဒ်(၈)မှတ်တန် မေးခွန်းဖြစ်သဖြင့် (၃၂)မှတ်ဖြစ်တယ်။

မေးခွန်းနံပါတ်(၆)တွင် ရွေးချယ်စရာမပေးဘဲ ပုဒ်ရေ ၆ ပုဒ်ဖြစ်၍ (၁၂)မှတ်၊ မေးခွန်းနံပါတ် (၇)တွင် ပုဒ်ရေ ခုနစ်ပုဒ်မှ ငါးပုဒ်ရွေးချယ်ဖြေဆိုရ၍ (၂၀)မှတ်၊ မေးခွန်း(၈)တွင် ခုနစ်ပုဒ်မှ လေးပုဒ်ရွေးချယ်ဖြေဆိုရ၍ (၃၂)မှတ်၊ ထို့ကြောင့် မေးခွန်း(၆)တွင် (၁၂)မှတ်၊ မေးခွန်း(၇)တွင် (၂၀)မှတ်နှင့် မေးခွန်း(၈)တွင် (၃၂)မှတ် ပေးတာမို့ Section (B) အတွက် စုစုပေါင်း (၆၄)မှတ်ဖြစ်တယ်။

သို့ဖြစ်သောကြောင့် ဓာတုဗေဒသင်ရိုးသစ်မှာ အခန်း(၁၅)ခန်းပါတာမို့ Section (A) နဲ့ Section (B) မေးခွန်းပိုင်းမှာ မျှမျှတတ ပါမှာဖြစ်တယ်။ အခြေခံသဘောတရားကိုသာပိုင်ရင် မေးခွန်းတွေကို ရွေးဖြေတဲ့နေရာမှာ မှန်မှန်ကန်ကန် ရွေးချယ်တတ်တာမို့ အမှတ်မြင့်မြင့်ရမှာဖြစ်တယ်။

အထူးသဖြင့် Section(A) ဟာ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တာမို့ အမှတ်ပြည့်နီးပါးရနိုင်အောင် ဓာတုဗေဒသင်ရိုးမှာ လေ့ကျင့်ခန်းပါ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို လေ့ကျင့်ထားဖို့လိုပါတယ်။ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနကထုတ်ဝေတဲ့ ဓာတုဗေဒဂျာနယ်ကို ဖတ်ရှုလေ့လာရင် Section (A) နဲ့ Section (B) မှာ မေးထားတဲ့ မေးခွန်းပုံစံကို ဖြေနည်းသိရှိမှာ ဖြစ်တယ်။ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုတဲ့ စကားလုံးများအတိုင်း စနစ်တကျလေ့လာလေ့ကျင့်ထားရင် စာမေးပွဲကြီးမှာ ကောင်းမွန်စွာ ဖြေဆိုနိုင်မှာဖြစ်တယ်။ အမှတ်များများလဲ ရမှာဖြစ်တယ်။

မောင်မယ်တို့အားလုံး ယခုနှစ်မှာဖြေဆိုရမယ့် ဓာတုဗေဒသင်ရိုးသစ်ကို အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ။

နှစ်သစ်အကြို မြန်မာဗီဒီယိုသင်္ကြန်ဇာတ်ကားများ လှိုင်လှိုင်ကြည့်ကြရမည်

မောင်ဆွေထွန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ယခုအပတ်တွင် မြန်မာဗီဒီယိုဇာတ်ကားများ မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အမီ သင်္ကြန်ဇာတ်ကား၊ သင်္ကြန်ဇာတ်လမ်းများ ထုတ်လုပ်ဖြန့်ချိလာသည်ကို တွေ့ရသည်။

သင်္ကြန်ဇာတ်ကားသုံးကား

မတ် ၁ရက်မှ မတ် ၇ရက်အထိ ဗီဒီယိုဇာတ်ကား ၁၂ကား ဖြန့်ချိရာတွင် သင်္ကြန်ဇာတ်ကား သုံးကား ပါဝင်လာသည်။

သည်ဇာတ်ကားတွေ

ယခုအပတ်တွင် ဒါရိုက်တာသီဟတင်သန်းရိုက်ကူး၍ လူမင်း၊ အိန္ဒြာကျော်ဇင်တို့ပါဝင်သော **'မြင်နေခွင့်ပြုပါ'** ဇာတ်ကား၊ ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူး၍ လွင်မိုး၊ ညွန့်ဝင်း၊ ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်ပါဝင်သော **'ဆန်ရေ'** ဇာတ်ကား၊ ဒါရိုက်တာ စိုးကျော်ဆန်းရိုက်ကူး၍ မင်းမော်ကွန်း၊ စိုးမြတ်နန္ဒာပါဝင်သော**'သစ္စာတရားရဲ့လက်ဆောင်'**ဇာတ်ကား၊ ဒါရိုက်တာ သပြားသု ရိုက်ကူး၍ မော့စ်၊ အရိုင်း၊ သင်းသင်းယုလှိုင်တို့ ပါဝင်သော **'ပိတောက်တစ္ဆေဝေလေလေ'** ဇာတ်ကား၊ အောင်အောင်ဦး ရိုက်ကူး၍ နိုင်ထက်ဦး၊ စုလှိုင်နှင်းပါဝင်သော **'လူမိုက်၏နိဂုံး'**၊ ဝင်းထွန်းထွန်း ရိုက်ကူး၍ ရာဇာနေဝင်း၊ မင်းဟိဏ်း၊ ထွန်းအိန္ဒြာဗိုပါဝင်သော **'ကျောက်ဒိုး'**၊ ဒါရိုက်တာမောင်နီလွင်ရိုက်ကူး၍ ကင်းကောင်၊ ဖိုးဖြူ၊ ပပဝင်းခင်တို့ပါဝင်သော**'နွေလေရူးနှင့်ပိတောက်ဖူး'**၊ ကြည်သာပွဲကြိုက်ခင် ရိုက်ကူး၍ ကျော်ထူး၊ မန်းဝင်း၊ ငှက်ပျောကြော်တို့ပါဝင်သော **'တန်ခူးကမွေးတဲ့ပိတောက်'**၊ အောင်ဆွေဆက်ရိုက်ကူး၍ ရဲမင်းပိုင်၊ ပိုးအိမောင်ပါဝင်သည့် **'သိုးဖြစ်သွားသောကျား'**၊ ညိုမင်းလွင် ရိုက်ကူး၍ သားညီ၊ ခိုင်ဇွန် ပါဝင်သော **'အင်းလျားရယ်သံ'**၊ စိုးဦးရိုက်ကူး၍ သီဟတင်စိုး၊ ဇင်မာဦး ပါဝင်သော**'ဘဝမုန်တိုင်း'**၊ စိုးကျော်ကျော်ရိုက်ကူး၍ ကျော်ဇောဟိန်း၊ အိရတနာထွန်းပါဝင်သော **'သူသိပါစေ'**ဇာတ်ကားများ ဖြန့်ချိပြသမည်ဖြစ်သည်။

သစ္စာတရားရဲ့လက်ဆောင်ဇာတ်ကားမှ မင်းမော်ကွန်း၊ စိုးမြတ်နန္ဒာ။

တန်ခူးကမွေးတဲ့ပိတောက်ဇာတ်ကားမှ သရုပ်ဆောင်ကွက်တစ်ကွက်။

မတ်လ ၅ရက်တွင် ဖြန့်ချိမည့်ကျောက်ဒိုးဇာတ်ကားမှ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို။

သင်္ကြန်ဇာတ်ကားများ

